မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်းစသော ပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၃၀)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏အားသာချက်များနှင့် မိမိတို့နိုင်ငံ၏အားသာချက်များကို ပေါင်းစပ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်သမ္မတရုံးတော်ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့်ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ပြည်ပခရီးစဉ်များ သွားရောက်နိုင်ခြင်းအားဖြင့် နိုင်ငံတကာသံတမန်ရေးရာနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ ပိုမိုခိုင်မာအားကောင်းစေမည်**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ဩဂုတ်လအတွင်း ထိုင်းနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆

# ရွှေတောင်မြို့နယ်၌ မိုးမြေပဲ ၉၅၃၈ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိ

ရွှေတောင် ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း၌ ဆီထွက်သီးနှံဖြစ်သည့် မိုးမြေပဲ ၉၅၃၈ ဧကစိုက်ပျိုးထားရာ အဆိုပါမိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ရွှေတောင်မြို့နယ်၌ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့်မိုးမြေပဲအထွက်နှုန်းတိုးတက်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တစ်ဧကအထွက်နှုန်းတိုးတက်စေရေး မျိုးစိုက်စနစ်ဖြင့် သွင်းအားစုအသုံးပြုခြင်း၊ **စာမျက်နှာ ၇ ကော်လံ ၄** ➡




ယနေ့ မြဝတီ ဖတ်စရာ

**ချစ်စရာသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကြစို့အစဉ်**
ဆောင်းပါး စာ - ၁၁ သို့

**မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် မကူးစက်နိုင်သောရောဂါများ**
ဆောင်းပါး စာ - ၂၆ သို့

**စာဖတ်ရှိန်မြင့်မားစေရန် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်များသွားရောက်ငှားရမ်းပေး**
စာ - ၃ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၆ ရက်)

## ရေကြီးရေလျှံသဘာဝဘေး စုပေါင်းညီညာမှုဖြင့်ဖြေရှင်းရေး

ကမ္ဘာနှင့်အဝန်း ရာသီဥတု၏ဆိုးရွားစွာဖောက်ပြန်ခြင်းကိုခံနေကြရသည်။ သာမန်အပူချိန်ထက် လွန်ကဲစွာပူပြင်းခြင်း၊ သာမန်မိုးရွာသွန်းခြင်းထက် ပိုမိုရွာသွန်းခြင်းစသည်များကြောင့် လူသားတို့တွင်အခက်အခဲများစွာဖြင့်တွေ့ကြုံနေကြရသည်။ ယခုအခါမြန်မာနိုင်ငံတွင် မိုးရာသီကာလဖြစ်၍ မိုးရွာသွန်းခြင်းမှာ ပုံမှန်ရာသီဥတုဖြစ်သော်လည်း ပုံမှန်ရွာသွန်းမြဲထက် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြစ်ရေ၊ ချောင်းရေများလျှံတက်ကာ ရေကြီးရေလျှံခြင်းများဖြစ်ပေါ်လျက်ရှိသည်။ မိုးကြီးရေလျှံဖြစ်ပွားမှုမှာ မြစ်၊ ချောင်းများတွင်သာမက တောင်ကုန်းတောင်တန်းများ၏အောက်ခြေတွင်လည်း ဖြစ်ပွားလေ့ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိုးရာသီကာလသို့ရောက်ရှိလာတိုင်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း၊ မြစ်ရေမြင့်တက်ခြင်းစသည်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီအသိပေးထုတ်ပြန်လျက်ရှိသည်။ ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးသင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးလေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ မြစ်ရေများဖြတ်သန်းစီးဆင်းမှုစတင်ဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ်ကြောင့်ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ငဝန်မြစ်ရေ ပေ ၃၀ အောက်သို့ကျဆင်းလာသည်နှင့်အမျှ Geobags အိတ်ကြီးများချခြင်း၊ နိုင်လွန်ကြိုးပိုက်များဖြင့်ထုပ်ပြီး သဲအိတ်တွဲများချခြင်း၊ ရေယာဉ်တွဲများ၊ Split Berge ရေယာဉ်ကြီးများဖြင့် Geobags အိတ်ကြီးများအား ရေနက်အိုးနှင့် ရေစီးကြောင်းများအတွင်း ရေအောက်ကြမ်းပြင်မြင့်တက်လာစေရန်ချခြင်း၊ Stand Pipe နှင့် Steel Sheet Pile များကို Scour ခံနိုင်ရည်ရှိအောင် ရိုက်သွင်းခြင်း၊ Jumbo Bags အိတ်များချခြင်း၊ သောင်တူးစက်နှင့်သဲမှုတ်ခြင်း၊ Gabion ကျောက်ထုပ်တွဲများချခြင်း၊ CB တွဲချခြင်းနှင့်မြစ်ကြောင်းမှသဲနုန်းများကို သောင်တူးသင်္ဘောများဖြင့် လိုအပ်သောနေရာများသို့ ဖို့ခြင်း၊ Geo Tube များချခြင်းတို့ကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ပေါင်းစပ်ညှိနှိုင်းအဟုန်မပြတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ ရေဘေးသင့်ပြည်သူများအား ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားပြီး အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင်နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်းလက်တွဲပြီး ရှာဖွေကူညီကယ်ဆယ်ပေးရေး၊ စားရေရိက္ခာ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ နိုင်ငံသားတို့၏စေတနာသဒ္ဓါထက်သန်စွာ လှူဒါန်းမှုများမှာလည်း ကြည်နူးဖွယ်ဖြစ်ရသည်။

သဘာဝဘေးတစ်ခုခုဖြစ်ပွားသည်နှင့်ခံစားရသူများတွင် လူမှုဒုက္ခများကပ်လျက်ပါလာသည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူများက တက်ညီလက်ညီပါဝင်ကူညီစောင့်ရှောက်ပေးခြင်းကြောင့်သာ စိတ်သက်သာရာရရှိကြသည်။ မြန်မာပြည်သူများအနေဖြင့် ကိုယ်ချင်းစာနာတတ်သော မြတ်စိတ်ထားဖြင့် သူတစ်ပါးအခက်အခဲကြုံတိုင်း **သုံးတန်စေတနာ ဖြူစင်လန်းလို့ ပေးကမ်းဝေမျှလှူနိုင်စေ**ဆိုသည့်အတိုင်း မိမိတတ်နိုင်သမျှစားဝတ်နေရေးကိုဖြည့်ဆည်းပေးကြသည်။ ဩဂုတ်လ ၈ ရက်က စုပေါင်းလှူဒါန်းငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ရရှိခဲ့သည်။ ကူညီကယ်ဆယ်ရေးနှင့် နေထိုင်စားသောက်ရေးတို့ကို ဒေသဆိုင်ရာအဖွဲ့အစည်းများက ပံ့ပိုးကူညီဖြည့်ဆည်းပေးမှုများရှိသလို ကျန်းမာရေးစောင့်ရှောက်ကုသမှုများလည်း ပြုလုပ်ပေးလျက်ရှိသည်။ ကျန်းမာရေးမှာ တစ်ဦးချင်း၏ အသိ၊ သတိပေါ်တွင်လည်း မူတည်သည့်အတွက် ကိုယ်တိုင်ကလည်း ကျန်းမာရေးဂရုစိုက်ကြရမည်ဖြစ်သည်။ ကျန်းမာမှပြန်လည်ထူထောင်နိုင်မည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ရှောင်ရှား၍ရနိုင်မည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်ရန်ဆောင်ရွက်ရမည်ဖြစ်သည်။ အားလုံးကတက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မူလအနေအထားသို့ ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းကြရမည်ဖြစ်သည်။ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝများကို ပြန်လည်မြှင့်တင်ဆောင်ရွက်ပေးပြီး အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုးသီးနှံများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ရေကြီးရေလျှံသဘာဝဘေးကို စုပေါင်းညီညာမှုဖြင့် အောင်မြင်စွာကျော်ဖြတ်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၆-၈-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

Online Newspaper

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးရဲစိုးအောင်

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇–၇၃၉၉၈၊ ဖက်စ် ၀၆၇–၇၃၉၉၉/၀၆၂–၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇–၇၄၀၀၆၊ ၀၆၇–၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁–၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈–၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁–၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉–၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉–၄၄၄၄၁၈၆၉၁၊ ၀၃၄–၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်ဧက ၁၅၀၀ ကျော် စိုက်ပျိုးပြီးစီး



ပွင့်ဖြူ ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်ဧက ၁၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ဟင်းသီးဟင်းရွက် ၁၈၉၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၁၅၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၈၉၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ၁၅၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားစိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ သခွား၊ ခရမ်း (စိမ်း/ညို)၊ ခရမ်းချဉ်၊ ပန်းမုန်လာ၊ ဂေါ်ဖီ၊ မုန်ညင်း(စိမ်း/ဖြူ)၊ အာလူး၊ မုန်လာဥဖြူ၊ ငရုတ်၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး စတဲ့သီးနှံတွေကို စိုက်ပျိုးပါတယ်။ စိုက်ပျိုးသီးနှံအားလုံး အစားအစာဘေးကင်းစေဖို့၊ အရည်အသွေးကောင်းမွန်စေဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ညီညွတ်အောင်စိုက်ပျိုးနိုင်ဖို့ နည်းပညာတွေ ပံ့ပိုးပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်စေရေးအတွက် လိုအပ်သောမျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ GAP နည်းစနစ်နှင့်အညီ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ ပိုးမွှားရောဂါကင်းရှင်းရေးနည်းလမ်းများ အသိပညာပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# မုဒုံမြို့၌ အမျိုးသားအဆင့်ရော်ဘာအစေးခြစ်လုပ်သား ကျွမ်းကျင်မှုအဆင့်(၁) သင်တန်းဖွင့်ပွဲကျင်းပ

မုဒုံ ဩဂုတ် ၂၅

မွန်ပြည်နယ် မုဒုံမြို့ နှစ်ရှည်ပင်များ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ) ရှိ သင်တန်းခန်းမ၌ အမျိုးသားအဆင့်ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့်(၁)သင်တန်းဖွင့်ပွဲနှင့် စစ်ဆေးအကဲဖြတ်ခြင်း အမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၂၄ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မော်လမြိုင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်နိုင်ဦးက ရော်ဘာသည် မွန်ပြည်နယ်၏ အဓိကစိုက်ပျိုးသီးနှံဖြစ်ပြီး လက်ရှိတွင် ဧက ငါးသိန်းကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အစေးခြစ်လုပ်သားများအနေဖြင့် ဤသင်တန်းမှ အထွက်နှုန်းပိုမိုရရှိစေမည့်နည်းစနစ်နှင့် စီးပွားရေးတွက်ခြေကိုက်စေမည့် အစေးခြစ်နည်းစနစ်များကို သိရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ရော်ဘာပညာရှင်နှင့် တာဝန်ရှိသူများက ရော်ဘာသမိုင်းကြောင်း၊ ကျွမ်းကျင်မှုစံချိန်စံညွှန်းများနှင့် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ကျွမ်းကျင်နည်းပြများက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ သင်တန်းသားများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

# ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအားစစ်ဆေး

လွိုင်ကော် ဩဂုတ် ၂၅

ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၂၅ ရက်တွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ခွင့်ပြုငွေဖြင့် ကျေးလက်လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဘာဒိုရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်း အရှည် ၃၆၈၅ ပေ မြေသားလမ်းအား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲယာတွင် အရိပ်ရအပင်များ စနစ်တကျစိုက်ပျိုးရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ခွင့်ပြုငွေဖြင့် ပြည်နယ်လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဒေါဥခူရပ်ကွက် ငုရွှေဝါလမ်း အရှည် ၁၇၀၆ ပေ အကျယ် ၃ ပေခွဲ ကျောက်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင်ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ပြည်နယ်သတ္တုတွင်းစီမံကိန်းရုံးသို့သွားရောက်၍ ပြည်ထောင်စုခွင့်ပြုငွေဖြင့် RC တစ်ထပ်ရုံးအဆောက်အအုံသစ်တည်ဆောက်ခြင်း၊ ရုံးအဝင်ကွန်ကရစ်လမ်းခင်းခြင်း၊ သတ္တုသိုလှောင်ရုံ၊ စတိုသိုလှောင်ရုံနှင့် ဝန်ထမ်းအိမ်ရာများအကြီးစားပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်ပြောကြားကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# စာဖတ်ရှိန်မြင့်မားစေရန် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်များ သွားရောက်ငှားရမ်းပေး



ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် စာဖတ်ရှိန်မြင့်မားလာစေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား စာအုပ်များ ငှားရမ်းပေးလျက်ရှိရာ ဩဂုတ်လ ၂၅ ရက်တွင် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနရုံးရှိ ဝန်ထမ်းများနှင့် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများထံ သုတ၊ ရသစာအုပ်စာစောင်မျိုးစုံ သွားရောက်ငှားရမ်းပေးသည်။

အဆိုပါ ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်တွင် စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေး စာဖတ်သူများ အသိပညာဗဟုသုတများစွာရရှိစေမည့် သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြစာအုပ်များကို စဉ်ဆက်မပြတ်လဲလှယ်ပေးလျက်ရှိရာ ယခင်ငှားရမ်းပေးခဲ့သောစာအုပ်များကို ရက်သတ္တနှစ်ပတ်ပြည့်လျှင် စာအုပ်အသစ်များဖြင့် ထပ်မံလဲလှယ် ငှားရမ်းပေးကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)



# ရွှေတောင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

ရွှေတောင် သြဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ရွှေတောင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် အဖွဲ့သည် ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက်ရှိ MSME လုပ်ငန်းရှင် ဒေါ်ချိုချိုဝင်း၏ "ချိုချိုစံ" ရက်ကန်းအလုပ်ရုံနှင့် စည်းလုံးချည်အမျိုးမျိုး ထုတ်လုပ်ရောင်းချနေမှုအားလည်းကောင်း၊ ရွှေတောင်မြို့ တည်ကုန်းလမ်းရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးလှဝင်း၏ နို့စားနွားနှင့် ဆိတ်တွဲဖက်မွေးမြူထားရှိမှုအားလည်းကောင်း၊ မယားမာန်ကျေးရွာအုပ်စု၌ ရေဆင်းပေါ်ဆန်း(၂) မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအားလည်းကောင်း၊ ရွာသာယာကျေးရွာအုပ်စုရှိ စပါးအထွက်နည်းခဲ့သည့် သဲဆန်ကုန်းကြော လယ်မြေများအတွက် ယာ(၁၄)စပါးမျိုး ပြောင်းလဲစိုက်ပျိုးနိုင်ရေး စီစဉ်ပေးခဲ့မှုကြောင့် အောင်မြင်ဖြစ်ထွန်းနေသည့် စံပြစိုက်ခင်းဧက ၁၀၀ အားလည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ရှေးဟောင်းသမိုင်းဝင် ရွှေနတ်တောင်စေတီတော်သို့ ရောက်ရှိပြီး စေတီတော်ရင်ပြင် တိုးချဲ့နိုင်ရေးကွင်းဆင်းကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး စေတီတော် မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် သြဂုတ် ၂၅

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ ပေ ၁၀ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## ၂၅-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၁၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ

နေပြည်တော် သြဂုတ် ၂၅

အနာဂတ်မျိုးဆက်သစ်လူငယ်များ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ကြည့်ရှု၍ တွဲဖက်လေ့လာနိုင်ရန်၊ နိုင်ငံတော်၏သမိုင်းကြောင်းနှင့် တပ်မတော်သမိုင်းဆိုင်ရာ အမွေအနှစ်များကို လေ့လာနိုင်ရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်များနှင့် တပ်မတော်၏ အမျိုးသားရေးတာဝန်ထမ်းဆောင်ခဲ့မှုသမိုင်းကြောင်းများကို သိရှိနားလည်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်အတွက် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ပြတိုက်တာဝန်ရှိသူက ပြခန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ပြတိုက်တာဝန်ရှိသူက ပြခန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ပြည်စံအောင်)နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်းရှိ ခေတ်အဆက်ဆက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင် ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားရာ စစ်သမိုင်းပြတိုက်အတွင်းရှိ ရှေးမြန်မာမင်းများအသုံးပြုသည့် ပစ္စည်းများ၊ ရှေးမြန်မာမင်းများ၏ စစ်အင်္ဂါလေးပါးဖြင့် စစ်ထွက်တော်မူပုံပြသထားရှိမှုများ၊ ရှေးခေတ်မြန်မာ့တပ်မတော်သုံး ပစ္စည်းများနှင့် သမိုင်းကြောင်းများကိုလည်းကောင်း၊ တပ်မတော်(ရေ) ပြခန်းတွင် မြန်မာနိုင်ငံအတွင်းရှိ ပင်လယ်ပြင်ဧရိယာ အကျယ်အဝန်းနှင့် ရေပိုင်နက်နယ်နိမိတ်ပြကွက်၊ ရှေးခေတ်မြန်မာ့ရေတပ်၊ ဂျပန်ခေတ်မြန်မာ့ရေတပ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ်မှတ်တမ်းဓာတ်ပုံများ ခေတ်အဆက်ဆက်တပ်မတော် (ရေ)၏ သမိုင်းမှတ်တမ်းဓာတ်ပုံများ စစ်ရေယာဉ်ပုံစံငယ်များကိုလည်းကောင်း၊ တပ်မတော်(လေ) ပြခန်းတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ)များ၏ ဓာတ်ပုံမှတ်တမ်းများ၊ တပ်မတော် (လေ)၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှုဓာတ်ပုံမှတ်တမ်းများ၊ လေသူရဲကောင်းများ မွေးထုတ်ပုံအဆင့်ဆင့် ဓာတ်ပုံမှတ်တမ်းများအပြင် ပြင်ပပြကွက်များအနေဖြင့် တပ်မတော်(ကြည်း) ပြင်ပကွက်တွင် ခင်းကျင်းပြသထားသော ရှေးခေတ်ကြေးသွန်းအမြောက်များ၊ ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့်သံချပ်ကာများ၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများနှင့် တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ ဆုအဖြစ်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-







"ကျွန်မနာမည်ကတော့ ဆရာမ ဒေါ်ဝင်းဝင်းမူ ဖြစ်ပါတယ်။ ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ပြည်စံအောင်)မှ အလယ်တန်းပြဆရာမတစ်ဦးဖြစ်ပါတယ်။ အခုလို လာရောက်လည်ပတ်ရတဲ့အတွက် ကျွန်မကိုယ်တိုင်လည်း စိတ်ဝင်စားမှုရှိပါတယ်။ ကျွန်မကိုယ်တိုင် မသိသေးတဲ့ ဗဟုသုတတွေ အများကြီးရတဲ့အတွက်ကြောင့် ကလေးတွေကိုယ်တိုင်လည်း အဲ့လိုပဲခံစားရမယ်ထင်ပါတယ်။ အခုလိုမျိုးစီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်" ဟုပြောသည်။

"ကျွန်တော်ကတော့ ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ပြည်စံအောင်)မှာ ပညာသင်ကြားနေတဲ့ အလယ်တန်းကျောင်းသားတစ်ဦးဖြစ်ပါတယ်။ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့အချိန်မှာ တပ်မတော်ကြီးဟာ မြန်မာနိုင်ငံကို ဘယ်လောက်ထိအောင် ပံ့ပိုးပေးခဲ့တယ်၊ လုပ်ဆောင်ပေးခဲ့တယ်၊ ဆိုတဲ့အကြောင်းအရာတွေကို သိခဲ့ရပါတယ်။ ကျွန်တော်တို့ ကျောင်းမှာ စာတွေ့ပဲသင်ရပြီးတော့ တပ်မတော်စစ်သမိုင်းပြတိုက်မှာ သမိုင်းကြောင်းတွေကို လက်တွေ့ကျကျ ပုံဖော်ပြသပေးထားတဲ့အတွက်ကြောင့် ကျွန်တော်တို့စာသင်တဲ့အချိန်မှာ မျက်လုံးထဲမှာ မြင်လွယ်ပါတယ်။ ကျွန်တော်တို့ တွေ့ခဲ့တဲ့ ကျောက်ခေတ်၊ သံခေတ်တွေတုန်းက အသုံးပြုခဲ့ကြတဲ့ လက်နက်တွေကို ကျွန်တော်တို့စာသင်တဲ့အချိန်ကျမှမျက်လုံးထဲမှာ မြင်ယောင်ပြီးတော့ စာမှတ်ရ၊ ကျက်ရပိုပြီးလွယ်ကူစေပါတယ်။ လေ့လာရေးခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်"ဟုပြောသည်။

(၁၀၀)

# လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ နေကြာ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးမည်

ပွင့်ဖြူ ဩဂုတ် ၂၅

တောင်သူများ တစ်နှစ်ထက်တစ်နှစ် နေကြာစိုက်ဧကများ တိုးချဲ့စိုက်ပျိုးလာစေရန်နှင့် အထွက်နှုန်းမြင့်မားလာစေရန် ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၁၅၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ပြောကြားချက်အရ သိရသည်။


ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၅၈၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး သတ်မှတ်စိုက်ဧကပြည့်မီစေရန် ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်သည်။

"လာမယ့်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နေကြာဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးမှာပါ။ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းနေကြာမျိုးတွေ စိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်မှာပါ" ဟု ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းဆီစားသုံးမှုဖူလုံပို့လျှံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုကိုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံ နေကြာကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**




# ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းဆောင်ရွက်



ဆင်ပေါင်ဝဲ ဩဂုတ် ၂၅

ကျောင်းနေအရွယ် ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဩဂုတ်လ ၂၅ ရက်တွင် ဆောင်ရွက်သည်။

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဝင်းနိုင်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါက်တာဝေဖြိုးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများက KG ကျောင်းသား၊ ကျောင်းသူများအား လက်ကိုဆပ်ပြာဖြင့် စနစ်တကျဆေးကြောသန့်စင်ပေးပြီး ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းဆောင်ရွက်သည်။

အဆိုပါအစီအစဉ်ကို ကျောင်းနေအရွယ် ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရန်၊ ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သောအမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေရေးအတွက် ပညာရေးနှင့်ကျန်းမာရေး အပါအဝင် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

လဲချား ဩဂုတ် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် လဲချားမြို့နယ် ဆုံခွမ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ်လ ၂၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်၊ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သန့်ဇင်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆုံခွမ်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆုံခွမ်ကျေးရွာ၌ အရှည်ပေ ၃၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၃၅ သိန်း စုစုပေါင်း ငွေကျပ် ၁၈၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဇွန်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကျော်ဦး**

# ကျောင်းကုန်းမြို့နယ်၌ ကောက်ရိုးမှိုအထွက်နှုန်းကောင်းမွန်ပြီး ဝယ်လိုအားများပြား

ကျောင်းကုန်း ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ကောက်ရိုးမှိုအထွက်နှုန်းကောင်းမွန်နေပြီး ဝယ်လိုအားများပြားနေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဆွေဆွေအောင်၏ ပြောပြချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်၌ ယခုနှစ် ဩဂုတ်လတတိယပတ်မှစ၍ လက်ရှိအချိန်ထိ ကောက်ရိုးမှိုများ ဝယ်လိုအားများပြားကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ တစ်ရက်လျှင် ကောက်ရိုးမှိုပိဿာ ၁၅၀၀ မှ ၂၇၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



"လက်ရှိ ကောက်ရိုးမှိုဈေးက စိုက်ပျိုးသူတွေ တွက်ခြေကိုက်နေပါတယ်။ ဒေသတွင်းဈေးကွက်မှာကို ကောက်ရိုးမှိုတွေ အဝယ်လိုက်နေတာပါ။ အရောင်းအဝယ်ကောင်းနေပေမယ့် ကောက်ရိုးမှိုစိုက်သူနည်းပါတယ်။ အဲဒါကြောင့် ကုန်ပစ္စည်းက လိုသလောက်မရတဲ့အထိဖြစ်နေပါတယ်။ ကျောင်းကုန်းမြို့နယ်က စိုက်ပျိုးထွက်ရှိတဲ့ကောက်ရိုးမှိုတွေက အရည်အသွေးကောင်းပါတယ်။ အဖူးတွေက ပိုရောင်းရတယ်"ဟု ဒေါ်ဆွေဆွေအောင်ကပြောသည်။

ကျောင်းကုန်းမြို့နယ်မှ စိုက်ပျိုးထွက်ရှိသည့် ကောက်ရိုးမှိုများသည် အရည်အသွေးကောင်းမွန်ကြောင်း၊ အဆိုပါ ကောက်ရိုးမှိုများတွင် အပွင့်ထက် အဖူးများကို ပိုမိုကြိုက်နှစ်သက်ပြီး ဒေသတွင်းဈေးကွက်တွင် ဝယ်လိုအားကောင်းမွန်နေကြောင်း သိရသည်။ **သုတကျော်**

# (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၂၅

၂၀၂၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား လှပသာယာ ပြည်မြန်မာ ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာလှပမှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့်ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆိုအသုံးပြုနိုင်သည်၊ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက်အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD)ကို တစ်ပါတည်းပူးတွဲပေးပို့ရပါမည်။ ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့်ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသောဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။ ကိုယ်တိုင်ရိုက်ကူးထားသောပုံဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၃၁ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်) ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂/၂၄) ပန်းဆိုးတန်းလမ်း (အောက်)ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၈၃၇၁၃၄၂ နှင့် ၀၉-၄၂၀၇၀၄၂၉၇ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။ **မြဝတီ**

# နေပြည်တော် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ် (၄) ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၄) ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ဩဂုတ်လ ၂၆ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ် ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း စည်ပင်ဥယျာဉ်ရိပ်သာ(၂)၊ ရွှေကြာပင်ရပ်ကွက်၊ ဂုံမင်းအင်း၊ ရှားတောနှင့် တဲကြီးကုန်းကျေးရွာတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**မြဝတီ**



# အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာရောင်းချ

မော်လမြိုင်ကျွန်း ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ် (၁၀) ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်နှင့် ဗိုလ်ချုပ်ဈေးအနီး၌ ပြည်သူများအား အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ဘဲဥများနှင့် ကြက်ဥများကို သက်သာသောဈေးနှုန်းဖြင့် လွယ်ကူအဆင်ပြေစွာဝယ်ယူနိုင်စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းတွင်ဆောင်ရွက်သည်။

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ဖြူဖြူဝင်းနှင့် တာဝန်ရှိသူများက ပြည်သူများနေ့စဉ်လိုအပ်လျက်ရှိသော ဆန်၊ စားအုန်းဆီ၊ ဘဲဥနှင့် ကြက်ဥတို့ကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးသည်။

အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှုကို မြို့နယ်ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များကလှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

➥ ရှေ့ဖုံးမှအဆက်

အပင်ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ ကြားပေါင်းမြက်နုတ်ပယ်ခြင်း၊ အပင်အားကောင်းစေရန် နွားကျင်ငယ်ရည်ပက်ဖျန်းခြင်းများကို လက်တွေ့သရုပ်ပြမှုများဆောင်ရွက်ပြီး နည်းစနစ်မှန်မှန်ဖြင့်လိုက်နာဆောင်ရွက်ရေးအသိပညာပေးကွင်းဆင်းဆောင်ရွက်သည်၊ မြေပဲအထွက်နှုန်းတိုးတက်ရေးအတွက်မြေပဲမျိုးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများထံ ဖြန့်ဖြူးပေးလျက်ရှိသည်။

ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့်ဆက်စပ်သူများအားလုံးအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မြော်တွေးလျက် နိုင်ငံအတွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

ကြည်လွင်မြင့်(မုဒြာ)

**မေး။ ။ဆရာခင်ဗျာ။ ကျွန်တော်ရဲ့ အသက် ၈၀ ကျော်အဘွား ဒူးနာနေလို့ ဆေးခန်းတွေလည်းပြပါတယ်။ ဒူးကြီးပြီး အရိုးကျီးပေါင်းတက်နေတယ်လို့ ပြောပါတယ်။ အိုနာလို့လည်းပြောပါတယ်။ အိုနာဆိုတာ ကုမရဘူးလို့ပြောပါတယ်။ တစ်ခါတစ်ရံ ကိုက်ရင် ပရုတ်ဆီလိမ်းပေးပါတယ်။ အကိုက်အခဲပျောက်ဆေးတွေ ပေးထားပေမယ့် အစာအိမ်နာရောဂါရှိလို့ မတိုက်ပါဘူး။ ဘုရားရှိခိုးဖို့ အိမ်အပေါ်ထပ်တက်တဲ့အခါ အခက်အခဲရှိပါတယ်။ ဘယ်လိုလုပ်ပေးလို့ရမလဲ။ ဒူးနာပျောက်မယ့် တိုင်းရင်းဆေးနည်းလေးများရှိရင် သိလိုပါတယ်။ အစားအသောက် ရှောင်သင့်တာ၊ စားသင့်တာတွေကို သိလိုပါတယ် ဆရာ။**

ဖြေ။ ။အိုနာဆိုပေမယ့် အကွေးအဆန့်ရအောင်၊ မနာမကျင်အောင်တော့ ကုသပေးလို့ရပါတယ်။ ဒူးနာမှန်သမျှ အဆင်းအတက်၊ ပုဆစ်တုပ်ထိုင်တာ ရှောင်ကြဉ်ရပါတယ်။ အကြောလေလျှော်ကျောက်ဆေး၊ လေပူကျဆေးများ သောက်ရပါတယ်။ အစားအသောက်မှာတော့ ကုလားပဲနှင့် နီသောအသားများ ရှောင်ရပါမယ်။ ဝမ်းတွင်းသားလည်း မစားဘဲ ရှောင်ကြဉ်ရပါမယ်။ ခါတ်စာအနေနဲ့ ပဲရာဇာဟင်းချိုချက်တိုက်ပါ။ ရုံးပတီသီးမီးကင်ကျွေးပေးပါ။ ဖီးကြမ်းငှက်ပျောသီး အခွံမှာကပ်နေတဲ့ အမြှေးကလေးများကို ခြစ်ယူပြီး ကျွေးပေးပါ။ ယောအတွင်းဝန်ရဲ့ ဥတုဘောဇနကျမ်း အလိုအရ ဒူးနာရောဂါ၊ ဒူးကြီးရောဂါပျောက်ကင်းဖို့ ငါးကြင်းခေါင်းကို ဟင်းချက်စားပါလို့ဆိုပါတယ်။ ဒူးဆစ်အကွေးအဆန့်ကောင်းအောင် မုန်ညင်းဆီကို မီးအပူပေးပြီး ဒူးထဲစိမ့်ဝင်အောင် နေ့စဉ်လိမ်းပေးပါ။ ဒူးနာရင် မုန်ညင်းဆီနဲ့ ကြပ်ထုပ်ထိုးပေးပါ။ တောရှောက်မြစ်၊ ဝံအူမြစ်များ သွေးလိမ်းပေးပါ။ ရဲယိုရွက်ကို မီးကင် ဒူးမှာကပ်ပြီး ပတ်တီးစည်းထားပေးပါ။

**မေး။ ။ဆံပင်ကျွတ်ပြီး ငယ်ထိပ်မှာလည်းကွက်နေပါတယ်။ ဆံပင်ပေါက်ဆေးတွေလည်း သုံးကြည့်တာ သိပ်မထူးပါဘူး။ ဈေးလည်းအရမ်းကြီးတော့ ရေရှည်မသုံးနိုင်လို့ပါ။ တိုင်းရင်းဆေးများရှိရင် လမ်းညွှန်ပေးပါ ဆရာကြီးရှင်။**

ဖြေ။ ။ဆံပင်ထိပ်ကွက်ရင် နှမ်းနက်–ထောပတ်–ထောလပတ် မပြတ်လိမ်းပေးပါ။ ရှင်းလင်းချက်–ဆံပင် ငယ်ထိပ်မှာကျွတ်ပြီး ထိပ်ကွက်နေရင် နှမ်းနက်ဆီ (ဆုံဆီ) စစ်စစ်ရှာ၊ ထောပတ်သင့်ရုံရောဖျော်ထား၊ ထိုဆီထဲမှာ ထောလပတ်အရွက်အစိုအရည်ညှစ်ရော ဒါမှမဟုတ် အရွက်ခြောက်ဆိုလျှင် ကြာကြာစိမ်ထားပြီး ငယ်ထိပ်မှာ ညအိပ်ရာဝင်တိုင်းလိမ်းအိပ်ပါ။ ခေါင်းကို ဆီလိမ်းပြီး အဝတ်ပါးပါးပေါင်းအိပ်ရင် ပိုကောင်းပါတယ်။ တစ်လခွဲမှ သုံးလအထိ ပြုလုပ်မှ သိသာမှာပါ။

**မေး။ ။ဝမ်းအရည်သွားနေလို့ပါဆရာ။ တစ်ညလုံး မအိပ်ရပါဘူး။ ဆေးရုံ၊ ဆေးခန်းသွားပြဖို့ကလည်း အခက်အခဲလေးတွေရှိနေလို့ပါ။ အိမ်မှာနေရင်း သောက်လို့ရမယ့် ဆေးနည်းလေးပြောပြပေးပါရှင်။**

ဖြေ။ ။ရေနွေးမတ်ခွက်တစ်ခွက်မှာ လက်ဖက်ခြောက်သုံးဇွန်း၊ သကြားသုံးဇွန်း၊ ဆားလှော်တစ်ဇွန်း ထည့်အုပ်ထားပါ။ အအေးခံသောက်ရင် ဝမ်းလျှော ရပ်ပါတယ်။ တစ်နေ့ မတ်ခွက်နှစ်လုံးသောက်ပါ။

**မေး။ ။ဆရာကြီးရှင်။ ကျွန်မက ငယ်ငယ်ကတည်းက စကားထစ်ပါတယ်။ အမြဲမဟုတ်ပါဘူး။ စိတ်ပျော်နေချိန်ဆို မထစ်ပါဘူး။ စိတ်ညစ်နေချိန်၊ စိတ်ဓာတ်ကျနေချိန်ဆို ပြောမရအောင်ထစ်နေပါတယ်။ အဲဒါ အလုပ်မှာလည်း အနှောင့်အယှက်ဖြစ်ရပါတယ်။ စိတ်အားလည်း ငယ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်း မရှိပါဘူး။ အလုပ်က စက်ချုပ်တဲ့ အလုပ်ပါ။ တချို့တွေပြောတာ အာရုံကြောအားနည်းလို့ စကားထစ်တာလို့ပြောပါတယ်။ အဲ့ဒါ ဟုတ်၊ မဟုတ် လူကောင်းပကတိဖြစ်အောင် ဘယ်လိုဆေးတွေစားရမလဲ၊ လေ့ကျင့်ခန်းလုပ်ရမယ်ဆိုလည်း လုပ်ပါမယ်။ စကားထစ်တာပျောက်ချင်လို့ အစားအသောက် အနေအထိုင် ဘယ်လိုကျင့်ကြံနေထိုင်ရမလဲဆိုတာ ပြောပြပေးပါဆရာရှင်။**

ဖြေ။ ။စကားထစ်ခြင်းနဲ့ပတ်သက်လို့ ရှေးဟောင်းပေစာတစ်စောင်မှာ တွေ့ဖူးတာက စကားထစ်ရင် မြင်းခွာရွက်သုံးရွက်ကို ရေစိမ်ထားပြီး နံနက်အိပ်ရာထမှာ ဝါးစားပါလို့ ဆိုထားပါတယ်။ စမ်းကြည့်ပါ။ ဆရာ့အတွေ့အကြုံအရတော့ စကားထစ်သူတွေဟာ မြန်မာအက္ခရာ(တ)နဲ့(စ)ပါတဲ့ စကားလုံးတွေမှာ ပိုထစ်လေ့ရှိတာကိုတွေ့ရပါတယ်။ ဒါကြောင့် စကားထစ်တာကိုပျောက်အောင် လေ့ကျင့်ခန်းအနေနဲ့ တဝမ်းပူ(တ) တစ်လုံးတည်းကို တ၊တ၊တ၊တ၊တ၊ တ၊တ . . ဆိုပြီးတော့ အကြိမ်ကြိမ်ကျင့်ဆိုပါ။ စလုံး အက္ခရာကိုလည်း စ၊ စ၊ စ၊ စ၊ စ၊ စ၊ စ…ဆိုပြီးတော့ ကျင့်ဆိုပါ။ အထူးသဖြင့် ကိုယ်ထစ်လေ့ရှိတဲ့ အက္ခရာကို ကျင့်ဆိုရင်လည်းရပါတယ်။ (သ) အက္ခရာ (ဆ) အက္ခရာတွေမှာ စကားထစ်တယ်ဆိုရင် ထိုအက္ခရာကို လေ့ကျင့်ပါ။ တချို့က (စ)နဲ့(ဆ)မကွဲတာတွေရှိပါတယ်။ လေဖြတ်ပြီး စကားမပီလို့ပြန်ကောင်းလာတဲ့အခါ လေ့ကျင့်ပေးရတဲ့သူတွေမှာလည်း ဒီလိုပဲ အက္ခရာတစ်လုံးချင်း များများဆိုခိုင်းပြီး လေ့ကျင့်ပေးရပါတယ်။ လေ့ကျင့်ပေးတဲ့အခါ စကားပြန်ပီလာတာကို တွေ့ရပါတယ်။ စမ်းသပ်ကြည့်ပါ။ စကားထစ်ခြင်းဟာ စိတ်ကြောင့်မဟုတ်ဘဲ အကျင့်ကြောင့်လည်း ပါပါတယ်။ အကျင့်ဆိုတာ ပြင်ယူရင်ရနိုင်ပါတယ်။

**မေး။ ။ဆရာရှင်။ ကျွန်မသိချင်တာလေးဆွေးနွေးပါရစေရှင်။ ကျွန်မအသက် ၄၀ ပါ။ လက်ရှိဘာဆေးမှ မစားပါဘူး။ ခံစားနေရတာတစ်ခုက ခြေဆီ၊ လက်ဆီ မထွက်လို့ နေရတာတစ်မျိုးဖြစ်နေသလားလို့ပါ။ လွန်ခဲ့သောငါးနှစ်က အဲယားကွန်းအခန်းမှာ တစ်နှစ်လောက်အလုပ်လုပ်ပြီးကတည်းက ခြေဆီမထွက်တော့တာ သတိထားမိပါတယ်။ အခုအလုပ်မလုပ်တော့တာ ငါးနှစ်လောက်ရှိပြီး အဲယားကွန်းခန်းနဲ့ မနေတော့တာကြာပြီဖြစ်ပေမယ့် ခြေဆီက ထွက်မလာပါဘူး။ လူကြီးတွေပြောတာ ကြားဖူးတာတော့ ခြေဆီမထွက်ရင် မကောင်းဘူးဆိုလို့ အဲဒါက ကြာရင် ရောဂါတစ်ခုခုဖြစ်မှာ စိုးရိမ်ပါတယ်။ ဥပမာ–လေဖြတ်တာတို့၊ အကြောပိတ်တာတို့ ဖြစ်နိုင်ပါသလား။ ခြေဆီမထွက်ရင် တဖြည်းဖြည်း ဆံပင်တွေ ကျွတ်တယ်ဆိုတာရော မှန်ပါသလား။ ခြေဆီထွက်အောင် ဘာဆေးတွေစားရမလဲ။ ဖြေကြားပေးပါရှင်။**

ဖြေ။ ။ခြေဆီမထွက်တဲ့သူတွေမှာ အောက်ပိုင်းအခိုးငုပ်တဲ့အတွက် အညောင်းအကိုက်များပါတယ်။ အောက်ပိုင်းအခိုးငုပ်တော့ အထက်ကိုအပူပြန်ပြီး မျက်စိမှုန်တာ၊ ဆံပင်ကျွတ်တာ ဖြစ်လေ့ရှိပါတယ်။ တချို့မှာ ဆိုးဆိုးဝါးဝါးဖြစ်ပေမယ့် တချို့မှာသိသိသာသာဖြစ်တာ မတွေ့ရပါဘူး။ ခြေဆီမထွက်တဲ့သူတွေ အဓိကလာပြကြတာကတော့ ခြေဖနောင့်ကွဲတာ၊ ခြေဖနောင့်နာတာဖြစ်ပါတယ်။ ခြေအောက်ပိုင်းကို အခိုးထွက်အောင် ညအိပ်ရာဝင်ခါနီး ခြေဆေးအိပ်ပါ။ ခြေဆေးတဲ့အခါ ဒူးအထက် ပေါင်လယ်လောက်ကစပြီး အောက်ကို ရေအေး ၁၀ ခွက်ခန့် လောင်းပေးရပါတယ်။ ခြေဆေးပြီး အဝတ်ခြောက်နဲ့သုတ်တဲ့အခါ အပူများတရှိန်ရှိန်ထွက်လာတာ တွေ့ရတတ်ပါတယ်။ နံနက်အိပ်ရာထမှာ ခြေထောက်နှစ်ချောင်းကို အကြောလေလျှော့အောင် လမ်းလျှောက်ပေးပါ။ အဆင်းအတက်၊ စက်ဘီးစီးခြင်း စတဲ့ လေ့ကျင့်ခန်းတွေပြုလုပ်ပေးပါ။ တချို့ကို ခြေဆီပြန်ထွက်လာဖို့အတွက် ခြေဖဝါးဆားပွတ်ခြင်း၊ ဆားနင်းခြင်းတွေ ပြုလုပ်ခိုင်းပါတယ်။ နံနက်ဖြစ်စေ၊ ညအိပ်ရာဝင်ဖြစ်စေ ဆားနင်းပြီး ရေချိုးနိုင်ပါတယ်။ ရေမချိုးချင်ရင် ဆားနင်းပြီး ခြေထောက်ကို ရေဆေးနိုင်ပါတယ်။ ခြေဆီမထွက်ရာမှ ခြေဖနောင့်ကွဲသူတွေ ခြေဖနောင့်နှစ်ဖက်ကို တမာရွက်ပြုတ်ရည်စိမ်ပေးပါ။ အက်ကွဲရာတွေရှိရင် ထောပတ်နဲ့ပျားရည်ရောစပ်လိမ်းပေးပါ။ ထောပတ်မရှိတဲ့ ဒေသမှာ သဘော်ရိုးအညှာမှထွက်သောအစေးကိုယူပြီး အုန်းဆီနှင့်ရောလိမ်းပေးပါ။ ခြေဆီမထွက်သူတွေအတွက် ထင်းရှူးဆီနှင့် ပျားဖယောင်းကိုရောကျိုပြီး ခြေဖဝါးတွင် လိမ်းပေးပါ။ ခြေနှစ်ဖက်စလုံး ပေါင်မှခြေသလုံးတစ်လျှောက် မုန်ညင်းဆီနဲ့နှမ်းဆီကို မီးဖြင့်ပူအောင်နွေးပြီး ညအိပ်ရာဝင်တိုင်း လိမ်းအိပ်ပါ။ ခြေစွပ်များ စွပ်အိပ်ခြင်း မပြုသင့်ပါ။ ခြေဆီမထွက်သူတွေ မျက်စိအခိုးမတက်စေဖို့ စားဆေးအနေနဲ့ တိုင်းရင်းဆေးအမှတ်(၁၂) စက္ခုပါလဆေးကို စားပေးပါ။ မျက်စိမှုန်ခြင်းနဲ့ တိမ်ဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်သော ရှေးသမားစဉ်သုံး တိုင်းရင်းဆေးဖြစ်ပါတယ်။

**မေး။ ။ဆရာခင်ဗျာ။ ဖနောင့်မှာ သံစူးတာ နှစ်ရက်ရှိပါပြီ။ ခုံဖိနပ်နဲ့ ဆားရိုက်သိပ်ရမယ်ဆိုလို့ သိပ်ထားပါတယ်။ ပြည်တည်သလို ကိုက်နေလို့ပါ။ ဘယ်လိုပြုလုပ်ရမယ်ဆိုတာ ဆေးနည်းသိလိုပါတယ်။**

ဖြေ။ ။သံစူးလျှင် အနာမရင်းစေဖို့နဲ့ မေးခိုင်ပိုးမဝင်စေဖို့ ကာကွယ်ဆေးထိုးရပါမယ်။ ဆေးရုံ၊ ဆေးခန်းနဲ့ ဝေးသောနေရာဖြစ်ပါက အောက်ပါနည်းလမ်းတွေကို အသုံးပြုပါ။

–သံစူးလျှင် သံပရာသီးစိမ်းဖြင့် ချက်ချင်းပွတ်ပါ။

–ကြက်သွန်နီဥကိုထောင်း အနာဝတွင် အုံစည်းထားပါ။

–ကုက္ကိုရွက်၊ ပိစပ်ရွက်ပြုတ်ရည်တွေနဲ့ အနာဖန်ရည်ဆေးပါ။ သံပရာရည်နဲ့ပျားရည်ကို ရောစပ်ပြီး သံစူးတဲ့နေရာအတွင်းသို့ ဝင်နိုင်သမျှ ဝင်အောင် ထည့်ပါ။

**မေး။ ။ရိုသေစွာနဲ့မေးပါရစေဆရာ။ ကျွန်တော် ချွဲကျပ်တာတော်တော်ကြာနေပါပြီ။ ကိုယ်အလေးချိန်လည်းမကျပါဘူး။ မောလည်းမမောပါဘူး။ အိပ်ရာက ထရင်ဖြစ်ဖြစ်၊ အနေအထားပြောင်းရင်ဖြစ်ဖြစ် သလိပ်က အသက်ရှူလမ်းကြောင်းမှာ လာစို့နေသလိုမျိုးဖြစ်ပြီး ချောင်းဆိုးပါတယ်။ သလိပ်ကလည်း မဟပ်တတ်တော့ ပြန်မျိုချသလိုဖြစ်ပြီး တဝဲလည်လည် ဖြစ်နေပါတယ်။ အဲဒါကို ပျောက်ကင်းချင်ပါတယ်။ ဆောင်ရန်၊ ရှောင်ရန်နဲ့ ဆေးနည်းလေးတွေရှိရင် ညွှန်ကြားပေးပါဆရာ။**

ဖြေ။ ။ဇော်ဂျီတောင်ဝှေးရွက်ပြုတ်ရည်သောက်ပါ။ မန်ကျည်းမှည့်ဖျော်ရည်ထဲ ဆားခါးလှော်ထည့်ပြီး ညအိပ်ရာဝင်ခါနီးသောက်ပါ။ တိုင်းရင်းဆေးအမှတ် (၁) သလိပ်ပုပ်နိုင်ဆေး၊ လေပူကျဆေးများသောက်ပါ။ နံနက်စောစောနေရောင်ခြည်ရတဲ့နေရာ လေကောင်းလေသန့်ရတဲ့နေရာမှာလမ်းလျှောက်ပြီး အသက်ရှူလေ့ကျင့်ခန်းလုပ်ရင် အဆုတ်အားကောင်းပြီး ကျန်းမာစေနိုင်ပါတယ်။

---

## အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

မကွေး ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို ဩဂုတ်လ ၂၄ ရက်က မကွေးမြို့နယ် ယင်းသာစည်(န)ကျေးရွာရှိ ဘက်စုံသုံး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းထွက် ကုန်ချောပစ္စည်းများကိုပေးအပ်ပြီး ထူးချွန်သင်တန်းသူ ငါးဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့်ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါစက်ချုပ်နည်းပညာသင်တန်းတွင် ယင်းသာစည်(န)ကျေးရွာမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး ဇူလိုင်လ ၃ ရက်မှ ဩဂုတ်လ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# ဇီးကုန်းမြို့၌ ခေါင်းလျှော်ရည်နှင့်ဆပ်ပြာချက်သင်တန်းဖွင့်လှစ်



**ဇီးကုန်း ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ခေါင်းလျှော်ရည်နှင့်ဆပ်ပြာချက်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းတွင် သစ်မျှော်ကြီးကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ခေါင်းလျှော်ရည်နှင့် ဆပ်ပြာချက်သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ သင်တန်းမှပို့ချပေးမည့် သင်ခန်းစာများကို ကြိုးစားလေ့လာသင်ယူပြီး မိသားစုအတွက်အပိုဝင်ငွေရှာဖွေပေးနိုင်သည်အထိ ကြိုးစားစေလိုကြောင်း၊ သင်တန်းလွန်ကာလရင်းနှီးမတည်ငွေရရှိရေးနှင့် အလုပ်အကိုင်ရရှိရေးချိတ်ဆက်ပေးမည့် အခြေအနေများကိုရှင်းလင်းပြောကြားသည်။

ထို့နောက် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးပြည့်ဖြိုးအောင်နှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံသို့ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ခေါင်းလျှော်ရည်နှင့်ဆပ်ပြာချက်သင်တန်းသို့ သစ်မျှော်ကြီးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာတို့မှ သင်တန်းသူ ၂၀ ဦး တက်ရောက်ပြီး ကျွမ်းကျင်နည်းပြဆရာနှစ်ဦးတို့က ဩဂုတ်လ ၂၅ ရက်မှစ၍ ၅ ရက်ကြာ စာတွေ့လက်တွေ့နှစ်မျိုးဖြင့် အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ကိုနိုင်(ကျေးလက်)**

# ပြောင်းသီးနှံ လျာထားချက်ကေထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့

**ကန့်ဘလူ ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်း ၈၈၉၃၁ ဧကနှင့်ဖူးစားပြောင်း ဧက ၇၅၀ စုစုပေါင်း ၈၉၆၈၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၉၃၄၅၃ ဧကနှင့်ဖူးစားပြောင်း ၄၈၅ ဧက စုစုပေါင်း ၉၃၉၃၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကန့်ဘလူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းသီးနှံဧက ၈၉၆၈၁ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၉၃၉၃၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ လျာထားချက်ကေထက် တိုးချဲ့စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင်အသိပညာပေးဆောင်ရွက်ပေးနေတယ်"ဟု ကန့်ဘလူ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

ယခုနှစ်ကန့်ဘလူမြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့်တမာပိုးသတ်ဆေးနှင့်ချင်း၊ ငရုတ်ပိုးနှင့်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိသည်။

စိုက်ပျိုးမြေများတွင်တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက်သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

# ငှက်ပျောပင်စိုက်ပျိုးရန် မြေနေရာပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်

**ရမည်းသင်း ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အခြေခံညာ မူလတန်းကျောင်း(နတ်စဉ်)၌ စုပေါင်းငှက်ပျောပင်စိုက်ပျိုးရန် မြေနေရာပြုပြင်ခြင်းလုပ်ငန်းများကို ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။



အဆိုပါ မြေနေရာပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒေတ္တာဥက္ကဋ္ဌ ဦးဇော်မင်းဟန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက ၆ ပေခြားစီ ငှက်ပျော(ဖီးကြမ်း)အပင် ၇၀၀ တို့ကို စိုက်ပျိုးနိုင်ရန်အတွက် လျာထားမြေနေရာများအား မြေကျင်းများ တူးဖော်ဆောင်ရွက်ကြသည်။

ရမည်းသင်းခရိုင်အတွင်းရှိ ဖီးကြမ်းငှက်ပျောစိုက်ပျိုးမှုများအနေဖြင့် အခြေခံပညာ ၁၄၆ ကျောင်း၌ အပင်စုစုပေါင်း ၉၉၃၂ ပင်တို့ကို စိုက်ပျိုးပေးပြီး မိုးရာသီမကုန်ခင် ကျောင်းဝင်းအတွင်းရှိ မြေကွက်လပ်နေရာများ၌ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

**ဟိန်းပြည့်ဇော်(ခရိုင် ပြန်/ဆက်)**

## စိုက်ကြသစ်ပင် မျိုးစုံလင်

❒ ကမ္ဘာမြေထု၊ ကြွံခိုင်မှုနှင့်
အပူနှင့်အလင်း၊ ညီမျှခြင်းကို
ရှိရင်းမူလ၊ ဖြေလျှော့ချပြီး
ပကတိစွမ်းအင်၊ အောက်ဆီဂျင်ကို
သစ်ပင်များမှ ပေးဝေ၄။
သဘာဝဂေဟ ဗဟိုချက်မ။

❒ စိုထိန်းမှု"လေ"၊ နွေးထွေးစေပြီး
"လေ"ပြင်းတိုက်ခတ်၊ ကြားကဖြတ်၍
ထိန်းမတ်ဟန့်တား သစ်ပင်များ။

❒ မြေသားနုန်းသဲ၊ မြစ်ချောင်းထဲတွင်
လွှန်ကဲဖြစ်ဖွယ်၊ အန္တရာယ်ကို
ကာကွယ်နိုင်သည် သူ့စွမ်းရည်။

❒ မြေဆီဩဇာ၊ ကောင်းမွန်လာဖို့
သဘာဝကို၊ ထိန်းသိမ်းကြ။

❒ ဝန်းကျင်တစ်ခို၊ စိမ်းလန်းစိုက
"လေ"ကိုသန့်စင် သူ့စွမ်းအင်။

❒ လူသားကမ္ဘာ၊ ကျန်းမာစွာနှင့်
သာယာဝဖြိုး၊ အလှတိုးအောင်
မြတ်နိုးချစ်ခင်၊ နွယ်သစ်ပင်ကို
ဝန်းကျင်လည်းလှ၊ အရိပ်ရ၍
စိုက်ကြသစ်ပင် မျိုးစုံလင်။
သဘာဝကို အလှဆင်။ ။

**ဝိုင်းမောင်(မာန်အောင်)**



**မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မြာကျေးရွာ၌ ဩဂုတ်လ ၂၄ရက်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၅၀ ရာခိုင်နှုန်းမှ ငွေကျပ် ၉ ဒသမ သန်း ၅၀နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂ သန်းဖြင့် အရှည် ၂၀၅ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသည့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုတွေ့ရစဉ်။**

(၆၀၂)

## MWD Variety Channel

၂၆-၈-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၂၅ | မှတ်သားလေ့လာအိမ်တွင်းမှုပညာ |
| ၂။ | ၁၁:၄၅ | နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင်ထူးချွန်ထင်ရှား တပ်မတော်သားအားကစားသမားများ |
| ၃။ | ၁၄:၂၀ | တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၄။ | ၁၆:၄၅ | ရောင်စုံပျံ့သင်းစာပန်းခင်း |

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲပြိုင်ပွဲများကျင်းပ



စဉ့်ကိုင် ဩဂုတ် ၂၅

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ယနေ့တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝင်းဝင်းသန်းက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုး တိုးတက်လာစေရန်၊ နှုတ်မှုစွမ်းရည်များတိုးတက် လာစေရန်၊ လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ် စေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိ လာပြီး စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်လာစေ ရန်ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်စန်းက ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ အသက်အရွယ်အပိုင်းအခြားများ၊ ပြစ်မှု၊ ပြစ်ဒဏ်များ နှင့် ဆက်သွယ်တိုင်ကြားနိုင်မည့်နည်းလမ်းများကို အသိပညာပေးပြောကြားသည်။

ထို့နောက် ကဗျာရေးပြိုင်ပွဲကျင်းပရာ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက အသီးသီးဝင်ရောက် ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။ ယင်းနောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာဗဟုသုတ စုံလင်သည့် သုတ/ရသ စာအုပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာကြည့်ရှု လေ့လာကြကြောင်း သိရသည်။ **ကျော်စွာ(စဉ့်ကိုင်)**

# အင်ကြင်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေး

တောင်တွင်းကြီး ဩဂုတ် ၂၅

ကျေးလက်နေပြည်သူများ ဝင်ငွေ လျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် အင်ကြင်းသာ ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေးခြင်းကို ယနေ့တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အသင်းသား၊ အသင်း သူများနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေး ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက အင်ကြင်း သာကျေးရွာရှိ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် များထံ ငွေကျပ် ၅၆၂ သိန်းကို လွှဲပြောင်း ပေးအပ်သည်။ ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အင်ကြင်းသာကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးအတွက် ငွေကျပ် ၂၇၉၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင် သူ ၄၄ ဦးအတွက် ငွေကျပ် ၂၅၂၅၀၀၀၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးအတွက် ငွေကျပ်သိန်း ၃၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးအတွက် ငွေကျပ် ၅၆၂ သိန်း ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

**နှဲ့ယဉ်**

# (၂၅-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၉,၅၂၅,၈၀၈.၅၀ | ၄၆,၈၈၈,၀၀၈.၈၃ | ၈၉,၄၉၅,၁၄၇.၆၄ | - |

ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှ ဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍ၊ CMP ကဏ္ဍနှင့် လောင်စာဆီကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ဒိုက်ဦးမြို့နယ်၌ ဆောင်းဆီထွက်ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး တောင်သူများနှင့် တွေ့ဆုံပညာပေးဆွေးနွေးပွဲပြုလုပ်



ဒိုက်ဦး ဩဂုတ် ၂၅

ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် အမှတ်(၃) မြို့မ တောင်သူပညာပေးစခန်း၌ ယမန်နေ့ နံနက်ပိုင်းက မိုးစပါး ရိတ်သိမ်းပြီးချိန် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းဆီထွက်ပဲပုပ်(ရေဆင်း-၁၅) စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး တောင်သူများနှင့် တွေ့ဆုံပညာပေး ဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေးပွဲသို့ ညောင်လေးပင်ခရိုင် စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးရဲဝင်းဦးဆောင်၍ မြို့နယ်စိုက်ပျိုး မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးများ၊ အကျိုးဆောင်တောင်သူများ တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက ပဲပုပ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရသည့် အကြောင်းရင်းများ၊ ပဲပုပ်၏အသုံးဝင်ပုံ နှင့် ဈေးကွက်အလားအလာ၊ ပဲပုပ်စိုက်ပျိုး နည်းစနစ်များအား အကျယ်တဝင့် ဆွေးနွေးခြင်းနှင့် တောင်သူများမှမေးမြန်း လာသည့် သိရှိလိုသည်များကို ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ ကြကြောင်း သိရသည်။ **(၄၁၀)**

# ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြော

သထုံ ဩဂုတ် ၂၅

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန် မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲကို ယနေ့တွင် ကျင်းပသည်။

ရှေးဦးစွာ သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေး လိမ္မာရေး၊ အချိန်ကိုအကျိုးရှိစွာအသုံးပြု ကြရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေ များကိုပါ ဖတ်ရှုလေ့လာကြရေးတို့ကို အသိပညာပေးဟောပြောသည်။

ယင်းနောက် ပုံပြော၊ ကဗျာရွတ်၊ ဉာဏ်စမ်း၊ ဆေးရောင်ခြယ်ပြိုင်ပွဲတို့ကျင်းပ ရာ အခြေခံပညာမူလတန်းလွန်ကျောင်း (ဝါးတော)မှ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင် များ၊ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ နှင့် အသိပညာပေးနံရံကပ်စာစောင်များ ကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှု လေ့လာကြကြောင်း သိရသည်။ **(၄၀၆)**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ချစ်စရာသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကြစို့အစဉ်

ဘုန်းမောင်ဝင်း(ဖျာပုံ)



လူတိုင်းသည် အလှအပကို ချစ်ခင်မြတ်နိုးသည်။ မိမိကိုယ်ကိုလှပအောင်လူတိုင်းက အလှဆင်ကြသည်။ မိမိနေသည့်အိမ်ဂေဟာကိုလည်း အမြဲတမ်းအလှဆင်ကြသည်။ အိမ်တွင်းအိမ်ပြင်သန့်ရှင်းလှပနေမှ မိမိတို့စိတ်တွင်ကြည်လင်လန်းဆန်းနေသည်မှာ အမှန်ပင်ဖြစ်သည်။ ထိုမှတစ်ဆင့် မိမိနေထိုင်သည့်ကျေးလက်မြို့ပြ၊ ထိုမှတစ်ဆင့် မိမိနိုင်ငံတော် ဆန်းသစ်လှပနေသည်ကိုမြင်တွေ့လိုကြသည်မှာ လူတိုင်း၏တူညီသောဆန္ဒဖြစ်သည်။ ထိုဆန္ဒကို အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့နေထိုင်သည့်နေရာဒေသ၊ သဘာဝပတ်ဝန်းကျင်ကိုအလှဆင်ကြရမည်ဖြစ်သည်။ အလှဆင်ခြင်းအတွက် တူညီစွာလုပ်ဆောင်နိုင်သည်မှာ သစ်ပင်စိုက်ပျိုးခြင်းဖြစ်သည်။

နေရာဒေသတစ်ခုကို ကြည့်ပါကသစ်ပင်များထူထပ်စွာရှိနေသောနေရာသည် မြင်ရသူတို့၏ရှုခင်းကို ကြည်နူးလန်းဆန်းစေသည်။ သစ်ပင်ကင်းမဲ့သောဒေသကို မြင်တွေ့ရသူတိုင်း၏စိတ်တွင်မွန်းကျပ်ခြင်းနှင့်အတူ အပူဒဏ်ကိုလက်တွေ့ခံစားကြရသည်။ အေးမြသောအရိပ်အာဝါသကို လူတိုင်းနှစ်သက်လိုလားကြသည်။ အရိပ်ကောင်းကောင်းတွင် နားခိုပြီး ခရီးသွားကြသည်မှာခရီးသွားတို့၏ရင်ကို အေးမြစေသည်။ သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားနိုင်သည်ဆိုစကားနှင့်အညီ လူများစွာသည်လည်း နားခိုနိုင်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် အနာဂတ်မျိုးဆက်များအတွက်ကောင်းသောအမွေ၊ အမွေကောင်းပေးခြင်းဖြစ်သည်။ စိုက်ပျိုးသူကုသိုလ်ရှင်များအတွက်လည်း ထာဝရကုသိုလ်အဖြစ်အမြဲတမ်း ကောင်းကျိုးပေးမည်ဖြစ်သည်။

သစ်ပင်များစိုက်ပျိုးခြင်းမှာ နိုင်ငံတစ်ဝန်းသစ်တောများဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးတို့အတွက်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးရာသီတွင် နိုင်ငံနှင့်အဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၁ ဒသမ ၃၇ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီးဖြစ်သည်။ သဘာဝဘေးအန္တရာယ်များကိုလျော့ပါးသက်သာစေရေးအတွက် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးဖြင့် နေရာတိုင်းတွင်လူတိုင်းလုပ်နိုင်ပြီး အကျိုးကျေးဇူးများစွာရနိုင်သည့် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ကို အလှဆင်ရမည်ဖြစ်သည်။

တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ်ကစ၍ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေဒေသအသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များတွင် အရိပ်ရလေကာပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ စက်မှုကုန်ကြမ်းနှင့်ရတနာတန်းဝင်ပင် စသည်ဖြင့် အပင်ပေါင်းများစွာကိုစိုက်ပျိုးခဲ့ပြီးဖြစ်သည်။ ၁၅ နှစ်သက်တမ်းကာလနှင့်တွက်ကြည့်မည်ဆိုပါက အချို့သောကြီးမြန်သစ်ပင်များသည် အရိပ်ရလေကာပင်များအဖြစ် အေးမြမှုနှင့်လုံခြုံမှုအကျိုးရလဒ်များကို ပေးနိုင်ခဲ့ပြီဖြစ်သကဲ့သို့ စက်မှုကုန်ကြမ်းပင်များသည်လည်း ကုန်ထုတ်စီးပွားအဆင့်မရောက်ခင်ပြည်သူများအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ခဲ့သည်။

နိုင်ငံတော်သာယာဝပြောရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် အပြန်အလှန်မှီခိုလျက်ရှိရာ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်ပြီး ကမ္ဘာတစ်ဝန်း အကြီးမားဆုံးစိန်ခေါ်မှုမှာ "ရာသီဥတုပြောင်းလဲမှု (Climate Change)"နှင့် "ကမ္ဘာကြီးပူနွေးလာမှု(Global Warming)"များဖြစ်သည်။ အပူချိန်လွန်ကဲလာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ သာမန်ထက်လွန်ကဲသည့်မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံခြင်းနှင့် ပြင်းထန်သည့်မုန်တိုင်းများတိုက်ခတ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို ကမ္ဘာနှင့်အဝန်းကြုံတွေ့ခံစားနေကြရခြင်းဖြစ်သည်။ ထိုသို့သောသဘာဝဘေးအန္တရာယ်များ လျော့ပါးစေရေးအတွက် တပ်မတော်သားတို့သည်ပျော်ပျော်ရွှင်ရွှင်သစ်ပင်စိုက်နေကြခြင်းဖြင့် နိုင်ငံအကျိုးသယ်ပိုးနေခြင်းဖြစ်သည်။

သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့်သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် အောက်ဆီဂျင်ကိုထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသောဂေဟစနစ်ဖြစ်သည်။ ထို့ကြောင့် "အသက်ပံ့ပိုးမှုစနစ် – Life Supporting System"အဖြစ်သတ်မှတ်ထားသည်။ သစ်ပင်သစ်တောများသည် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးရုံမျှမက ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးနှင့်စားရေရိက္ခာဖူလုံရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ သစ်ပင်သစ်တောများမှာ သဘာဝဂေဟစနစ်များအားလုံး၏ဗဟိုချက်ဖြစ်သည့်အတွက် စိုက်ပျိုးထိန်းသိမ်းပြီး စနစ်တကျစီမံအုပ်ချုပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မည်။ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်မည်။ ထို့ကြောင့် တပ်မတော်ကသစ်ပင်စိုက်ပျိုးခြင်းကို အလေးထားဆောင်ရွက်နေခြင်းဖြစ်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုဝင်များအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၆ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပွဲအထိ စုစုပေါင်း ၄၇ ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။ ဩဂုတ်လ ၂၅ ရက်တွင် စတုတ္ထအကြိမ်အဖြစ် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့်ပိတောက်ပင်စုစုပေါင်း ၂၄၀၀ ပင်တို့ကို စိုက်ပျိုးခဲ့ကြသည်။

နိုင်ငံတစ်ဝန်းတွင် စိမ်းလန်းသည့်သစ်ပင်သစ်တောများသည် လူသားတို့၏အမြင်အာရုံကိုလန်းဆန်းစေပြီး စိတ်နှလုံးချမ်းမြေ့ဖွယ်ရာများကိုပါ ဖန်တီးပေးလျက်ရှိသည်။ ထို့ပြင် သစ်ပင်သစ်တောများကြောင့် ကျန်းမာရေးမှသည် လူမှုစီးပွားဘဝများအထိ ကောင်းကျိုးအဖြာဖြာရရှိနေသည်။ သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်း၊ သစ်ပင်သစ်တောများစိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုသည့်အမူအကျင့်ကောင်းများကိုကိုယ်စီကိုယ်စီက ဆောင်ရွက်ခြင်းမှတစ်ဆင့် မိမိတို့၏အနာဂတ်မျိုးဆက်သစ်များပါ သိရှိနားလည်အောင်မျှဝေသွားကြရမည်ဖြစ်သည်။

သစ်ပင်သစ်တောများတည်ရှိနေခြင်းသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏အကျိုးစီးပွား၊ အနာဂတ်၏ဖွံ့ဖြိုးတိုးတက်မှုဟုဆိုနိုင်သည်။ ထို့ကြောင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဟူသည့် မူဝါဒနှင့်အညီ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက်အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တပ်မတော်ကပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်နှင့်ပတ်သက်လာလျှင် ကာကွယ်ရေးတာဝန်သာမက ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ရာတွင် သစ်ပင်စိုက်ပျိုးခြင်းလည်းပါဝင်သည်။ စည်းကမ်းရှိသော တပ်မတော်၊ စည်းလုံးညီညွတ်သော တပ်မတော် ဆိုသည့်အတိုင်း မည်သည့်လုပ်ငန်းကို လုပ်ဆောင်သည်ဖြစ်စေ စည်းစနစ်ကျနစွာလုပ်ဆောင်ကြသည်။ သစ်ပင်စိုက်ရာတွင်လည်း ညီညီညာညာ၊ မြင်ကွင်းလည်းလှ၊ အရိပ်လည်းရအောင် စိုက်ပျိုးပေးလျက်ရှိသည်။ အထူးသဖြင့် တစ်ပင်စိုက်တစ်ပင်ရှင်သန်စေခြင်းအတွက် မိမိတို့စိုက်ပျိုးထားသောသစ်ပင်များကို အရိပ်တကြည့်ကြည့်ဖြင့် ဥယျာဉ်မှူးတစ်ဦးကဲ့သို့ စိတ်မှာစွဲမြဲလုပ်ဆောင်ကြရသည်။ မိမိစိုက်ပျိုးထားသည့်အပင်ရှင်သန်နေခြင်းကို မြင်တွေ့ရခြင်းပီတိမှာ မည်သည့်အရာနှင့်မျှမလဲနိုင်သော ခံစားမှုဖြစ်သည်။ လက်တွေ့စိုက်ပျိုးသူတိုင်းခံစားရသည့် ခံစားချက်ဖြစ်သည်။

"တစ်သက်လုံးပျော်ချင် သစ်ပင်စိုက်" ဆိုသည့်စကားနှင့်အညီ သစ်ပင်စိုက်ပျိုးခြင်းသည် လူ့သမိုင်းတာဝန်လည်းဖြစ်၊ အမျိုးသားရေးတာဝန်လည်းဖြစ်သောကြောင့် တပ်မတော်သားတို့ တက်ညီလက်ညီ ဝိုင်းဝန်းပါဝင်နေခြင်းဖြစ်သည်။ တပ်မတော်သားမိသားစုဝင်များ၏ သစ်ပင်စိုက်ပျိုးခဲ့မှု နှစ်ကာလနှင့် ကိန်းဂဏန်းများသည် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကြိုးပမ်းထမ်းရွက်နိုင်ခဲ့ကြသည်ကို မှတ်တမ်းကောင်းတစ်ရပ်အဖြစ် တွေ့မြင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် သဘာဝဘေးအန္တရာယ်များကိုနှစ်စဉ်ယခင်ကထက်ပိုပြီး ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် သိသာထင်ရှားသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဆုံးရှုံးမှုများလည်း ဖြစ်ပေါ်လျက်ရှိသည်။ လက်ရှိကာလတွင်လည်း ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိမြို့နယ်တချို့တွင် မိုးများစွာရွာသွန်းပြီးရေကြီးရေလျှံမှုများ ဖြစ်ပေါ်သည်မှာအားလုံးအသိပင်ဖြစ်သည်။ ရေရှည်ကောင်းမွန်ရေး၊ သဘာဝဘေးဒဏ်ကိုကျော်လွှားနိုင်ရေးအတွက် သစ်ပင်ကိုနှစ်စဉ်စိုက်ပျိုးကြရမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ကျောင်းဆောက်လုပ်လှူဒါန်းခြင်း၊ လမ်းတံတားဆောက်လုပ်လှူဒါန်းခြင်း၊ ရေတွင်းရေကန်တူးဖော်လှူဒါန်းခြင်း စသည်တို့နှင့်တန်းတူ အကျိုးထူးများရရှိနိုင်သည့် ထာဝရကုသိုလ်တစ်ခုပင်ဖြစ်သည်။ အေးမြသည့်အရိပ်အာဝါသ၊ လှပစိမ်းစိုသည့်ရှုခင်း၊ အရောင်စုံပြီးမွှေးပျံ့သည့် ပန်းရနံ့များကို လူတိုင်းကြိုက်နှစ်သက်သည်ဖြစ်သည့်အတွက် စိုက်သည့်သစ်ပင်တိုင်းရှင်သန်အောင်မြင်စေလိုသည့်စိတ်ရင်းစေတနာကောင်းများဖြင့် သစ်ပင်စိုက်ပျိုးခြင်းဖြင့် တူညီသည့်အကျိုးကျေးဇူးများကို ရရှိခံစားကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းသစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းရှိစေရေး ရည်မှန်းချက်ချမှတ်ထားရာ တပ်မတော်အနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ပိုမိုပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

→ ကျောဖုံးမှအဆက်

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးကြသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် ပိတောက်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးကျော်စွာလင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးကျော်စွာလင်း၏ဇနီး ဒေါ်နန်းကူးကူ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

- ❖ **ယနေ့ကျင်းပပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် ပိတောက်ပင် စုစုပေါင်း ၂၄၀၀ ပင်ကို စိုက်ပျိုးခဲ့ . . .**
- ❖ **တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၄၈၂၂၆ ပင်ကို စိုက်ပျိုးခဲ့ . . .**



နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

ယနေ့ကျင်းပပြုလုပ်သည့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၆ ခုနှစ်၊ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီပင်နှင့် ပိတောက်ပင် စုစုပေါင်း ၂၄၀၀ ပင်ကို စိုက်ပျိုးခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း **စာမျက်နှာ ၁၃ သို့ →**



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။





ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။





အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။





အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

**→ စာမျက်နှာ ၁၂ မှ**

စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၁၁၅၉၁ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၅၀၃၀ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၃၄၆၀ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၂၈၁၀ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၅၇၀ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၁၁၆၁ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၄၉၁၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၆၉၃၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၀၉၉၀ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၃၉၀၀ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၅၁၀၀ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၆၁၉၀ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၆၆၉၆ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၃၈၀ ပင်တို့ကိုတိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၄၈၂၂၆ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးထင်အောင်ကျော်ကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့်တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ မုဒုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# Save the Children International (SCI) မှ အာရှဒေသဆိုင်ရာ Regional Director Mr. Arshad Mehmood Malik ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် Save the Children International (SCI) မှ အာရှဒေသဆိုင်ရာ Regional Director Mr. Arshad Mehmood Malik ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Save the Children International (SCI) နှင့် ဝန်ကြီးဌာနတို့အကြား ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Early Childhood Care and Development – ECCD) ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှု၊ Save the Children International (SCI) အနေဖြင့် အဆိုပါ ECCD လုပ်ငန်းများ၌ နည်းပညာအကူအညီ ထောက်ပံ့ပေးအပ်နိုင်ရေးအခြေအနေ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် Save the Children International (SCI) တို့အကြား နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ Save the Children International (SCI) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ် Mrs. Wang Le နှင့် ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ မြဝတီ

# ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆) မြို့နယ်ရှိ ရပ်ကွက် (၂၀)ခုနှင့် ကျေးရွာအချို့ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် Geobags သဲအိတ်ကြီးများချ၍ ကာကွယ်ခြင်းဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့်ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသများရှိရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျှောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

## သံလွင်မြစ်ရေနှင့် ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၅

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့ညနေ ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေ ၃ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# မန္တလေးတိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့် အာဟာရချက်ပြုတ်ပြိုင်ပွဲကျင်းပ၊ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်



မန္တလေး ဩဂုတ် ၂၅

၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှု တန်ဖိုးသင့်အာဟာရ ချက်ပြုတ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး၌ကျင်းပပြီး ဆုရရှိသည့် ခရိုင်အသင်းများကို ဆုများပေးအပ်ချီးမြှင့်၍ ကိုယ်ဝန်ဆောင်မိခင်များကို အာဟာရဖြည့်စွက်စာ၊ အဏုအာဟာရဆေးပြားများနှင့် အသက် ၆ လမှ ၅ နှစ်အထိ ကလေးများကို ဗီတာမင်အေဆေးများတိုက်ကျွေးကာ အမှတ်တရလက်ဆောင်များ၊ အာဟာရဖြည့်စွက်စာများ ပေးအပ်ကြောင်းသိရသည်။

ဦးစွာ တန်ဖိုးသင့်အာဟာရချက်ပြုတ်ပြိုင်ပွဲဝင်များ၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့်အာဟာရချက်ပြုတ်ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **မြဝတီ**

# တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာ၌ ဒေသခံပြည်သူ ၈၀၀ ဦးကို သက်မွေးပညာများ သင်ကြားပေးနိုင်ခဲ့

တောင်ကြီး ဩဂုတ် ၂၅

တောင်ကြီးမြို့နယ် အေးသာယာမြို့ တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ စတင်ဖွင့်လှစ်ချိန်မှစ၍ ယနေ့အချိန်အထိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဘဏ္ဍာရန်ပုံငွေဖြင့် သက်မွေးပညာသင်တန်းများ ၂၂ ကြိမ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ၁၈ ကြိမ် စုစုပေါင်း သင်တန်းအကြိမ် ၄၀ ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၈၀၀ ဦးကို သက်မွေးပညာများ သင်ကြားပေးနိုင်ခဲ့ပြီဖြစ်သည်။


အလားတူ ယနေ့တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ကွန်ပျူတာသင်တန်းအမှတ်စဉ် (၃/၂၀၂၆)နှင့် တိုင်းရင်းသားရိုးရာစက်ချုပ်သင်တန်းအမှတ်စဉ် (၂/၂၀၂၆) သင်တန်းများဖွင့်လှစ်နိုင်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက သင်ကြားရရှိခဲ့သည့် သက်မွေးပညာရပ်များကို အကျိုးရှိရှိအသုံးပြု၍ နေ့စဉ်ဝင်ငွေရရှိရန်နှင့် အကျိုးအမြတ်ရရှိနိုင်သည့် တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်အောင်ကြိုးစားကြရန် ပြောကြားကာ ကွန်ပျူတာသင်တန်းနှင့် တိုင်းရင်းသားရိုးရာစက်ချုပ်သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

အဆိုပါသင်တန်းကို ဩဂုတ်လ ၂၄ ရက်မှ စက်တင်ဘာလ ၂၃ ရက်အထိဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးစီ တက်ရောက်ခဲ့ကာ နည်းပြဆရာများက စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့ညနေပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ လှိုင်ဘုံသာရပ်ကွက်ရှိ ဥစားကြက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**




# လေဖိအားနည်းရပ်ဝန်းအခြေအနေ






နေပြည်တော် ဩဂုတ် ၂၅

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျာခမ်းပြည်နယ်နှင့်ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် အိန္ဒိယနိုင်ငံ ဂျာခမ်းပြည်နယ်သို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဂျာခမ်းပြည်နယ်ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။ **(မိုး/ဇလ)**

▲ **ကျောဖုံးမှအဆက်**

ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျာခမ်းပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။




မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “နာရာ” (NARRA) မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျာခမ်းပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများ အနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ မိုးကြီးမည့်သတိပေးချက်နှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မိုး/ဇလ)**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

★ ရှေ့ဖုံးမှအဆက်

အဆိုပါနိုင်ငံများမှ အကြီးအကဲများ၏ ဖိတ်ကြားချက်များအရ သွားရောက်ခဲ့ကြောင်း၊ ပထမဦးစွာ ထိုင်းနိုင်ငံသို့သွားရောက်သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့်ဆက်ဆံမှုများ ပိုမိုတိုးတက်ခိုင်မာလာစေရေးနှင့် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ၊ နယ်စပ်ဒေသလုံခြုံတည်ငြိမ်အေးချမ်းရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံသို့အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ၊ ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍လည်း ၎င်းတို့သည် မြန်မာနိုင်ငံသားများပင်ဖြစ်သည့်အတွက် ၎င်းတို့ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံစဉ် အလေးအနက်ထား ထည့်သွင်းဆွေးနွေးနိုင်ခဲ့ကြောင်း။

မကြာသေးမီ ရက်ပိုင်းအတွင်းက သွားရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ ခရီးစဉ်များတွင်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုတိုးမြှင့်နိုင်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ပညာရေးနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ အာကာသနည်းပညာနှင့်ကာကွယ်ရေး၊ စက်မှုလက်မှုကဏ္ဍများ အပါအဝင် နယ်ပယ်စုံကဏ္ဍစုံမှ အောင်မြင်သည့် ဆွေးနွေးမှုရလဒ်များ ထွက်ပေါ်လာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အိမ်နီးချင်းနိုင်ငံများ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှုနှင့် အဓိကကျသည့်ကုန်သွယ်ရေး အချက်အချာဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း သိရှိထားကြရန်လိုကြောင်း၊ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ **အားသာချက်များနှင့် မိမိတို့နိုင်ငံ၏အားသာချက်များကို ပေါင်းစပ်၍ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်**သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ **ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်များသွားရောက်ခြင်းအားဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ အားကောင်းခိုင်မာစေမည်ဖြစ်ပြီး မြင်တွေ့လေ့လာခဲ့ရသည့် ၎င်းတို့နိုင်ငံများ၏အားသာချက်များ၊ ကောင်းမွန်သည့်အချက်များကို မိမိတို့အနေဖြင့် လေ့လာဆန်းစစ်အသုံးချဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း။

**နိုင်ငံ့စီးပွားနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အမှန်တကယ် အလုပ်လုပ်ကြရန်လို**

နိုင်ငံတော်တွင် ခေတ်အဆက်ဆက်က ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုပါက စီးပွားရေးကျဆင်းမှုကိုအဓိကအခြေခံ၍ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့မြင်နိုင်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်လျက်ရှိသည့် ပကတိအခြေအနေမှန်များကို မှန်မှန်ကန်ကန်ဖြင့် တင်ပြကြရန်လိုကြောင်း၊ တင်ပြသည့် ကိန်းဂဏန်းအချက်အလက်များကို အခြေခံတွက်ချက်၍ နိုင်ငံစီးပွားတိုးတက်မှုရှိစေရေး စီမံချက်များ၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် မြေပြင်ပကတိအခြေအနေမှန်နှင့် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိစေရေး စနစ်တကျစိစစ်တင်ပြကြရန်လိုကြောင်း။

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းအနေဖြင့်စီးပွားရေးအားကောင်းမွန်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပြီး မိမိတို့အနေဖြင့်လည်း ရနိုင်သမျှသောစွမ်းအားများနှင့်အခွင့်အလမ်းများကိုအသုံးချပြီး စီးပွားရေးအားကောင်းမွန်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအပေါ် အချို့နိုင်ငံများအနေဖြင့်စီးပွားရေးအရနှင့်နိုင်ငံရေးအရ ပိတ်ဆို့မှုများရှိနေသောကြောင့်ထိုက်သင့်သလောက်တိုးတက်မှုမရှိဘဲနှောင့်နှေးနေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုမြှင့်တင်၍ ပို့ကုန်ကဏ္ဍမြှင့်တင်ပြီး နိုင်ငံ့စီးပွားရေးတိုးတက်အောင် မဖြစ်မနေဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းရှိကုန်ကြမ်းပစ္စည်းများကို အဓိကအသုံးပြုထုတ်လုပ်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပြီး သွင်းကုန်အစားထိုးထုတ်ကုန်များ ထုတ်လုပ်နိုင်ရမည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိလာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟူသည့်အတိုင်း ပြည်ပမှထောက်ပံ့ငွေများ၊ ချေးငွေများကို မိမိတို့အနေဖြင့် အားကိုးနေ၍ရမည်မဟုတ်ဘဲ ပြည်တွင်း၌ရှိသမျှသော စွမ်းအားများဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးကာ နိုင်ငံ့စီးပွားတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ အဓိကလိုအပ်နေသည်မှာ အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ကြရန်သာဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေး အလေးထားဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း မြေပေါ်မြေအောက်သယံဇာတနှင့် တွင်းထွက်ပစ္စည်းများ ထုတ်ယူဆောင်ရွက်ခြင်းထက် ပြန်လည်ဖြည့်တင်းဆောင်ရွက်နိုင်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသောကုန်ထုတ်လုပ်ငန်းများကိုသာ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိနိုင်ရေးဆောင်ရွက်ရာတွင် မြန်မာ့ပေါ်ဆန်းမွှေးစပါးကို တစ်ခေတ်ပြန်လည်ဆန်းသစ်နိုင်ရေး၊ ဈေးကွက်ပြန်လည်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြေကိုအကျိုးရှိရှိ အသုံးချသွားကြရန်နှင့် တစ်ဧကအထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **“ဥစ္စာရင်လို ဥစ္စာရင်ခဲ”** ဟူသည့်အတိုင်း မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းများအောင်မြင်မှုရှိစေရေး နည်းလမ်းရှာ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လုပ်ချင်ကိုင်ချင်စိတ်အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ထိုကဲ့သို့ **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာအတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ ရရှိရေးသည် မဖြစ်မနေလိုအပ်ချက်တစ်ခုပင်ဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံ၌ ၁၉၇၃ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အတန်းပညာမရှိသူမှာ မိမိတို့နိုင်ငံ၏ လူဦးရေ၏ ၅၈ ဒသမ ၁၈ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် ၄၁ ဒသမ ၀၉ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၁၀ ဒသမ ၇ ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် ၅ ဒသမ ၆၇ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါအခြေအနေကို ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ပညာရေးမှာ ထိုက်သင့်သလောက်တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များပေါ်များလာမှသာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ပညာရေးကို နည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိပြီး သင်ကြားရေးဆိုင်ရာတာဝန်ရှိသူများအား ချီးမြှင့်ထောက်ပံ့ငွေများပေးအပ်ခြင်း၊ ကျောင်းများအားလုံး စံကိုက်ကျောင်းများဖြစ်စေရေးမှအစ လိုအပ်သည့် အခြေခံသင်ထောက်ကူပစ္စည်းများပြည့်စုံမှုရှိစေရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပညာရှင်များမွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံအထက်တန်းကျောင်းများ၊ စိုက်ပျိုးမွေးမြူရေးသိပ္ပံများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်များစွာရှိပြီးဖြစ်သဖြင့် အဆိုပါဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်လာစေမည်ဖြစ်**ကြောင်း၊

❖ **ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်များသွားရောက်ခြင်းအားဖြင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ အားကောင်းခိုင်မာစေမည်ဖြစ်ပြီး မြင်တွေ့လေ့လာခဲ့ရသည့် ၎င်းတို့နိုင်ငံများ၏အားသာချက်များ၊ ကောင်းမွန်သည့်အချက်များကို မိမိတို့အနေဖြင့် လေ့လာဆန်းစစ်အသုံးချဆောင်ရွက်သွားကြရမည်ဖြစ် . . .**

❖ **ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟူသည့်အတိုင်း ပြည်ပမှထောက်ပံ့ငွေများ၊ ချေးငွေများကို မိမိတို့အနေဖြင့် အားကိုးနေ၍ရမည်မဟုတ်ဘဲ ပြည်တွင်း၌ရှိသမျှသောစွမ်းအားများဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးကာ နိုင်ငံ့စီးပွားတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ် . . .**

❖ **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာအတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရရှိရေးသည် မဖြစ်မနေလိုအပ်ချက်တစ်ခုပင်ဖြစ် . . .**

# အဓိကအားဖြင့် သက်ဆိုင်ရာစည်ပင်သာယာအဖွဲ့အစည်းများက ဆောင်ရွက်သကဲ့သို့ ပြည်သူတစ်ဦးချင်းစီကလည်း စည်းကမ်းတကျလိုက်နာဆောင်ရွက်ကြသည်ကိုတွေ့ရ

❖ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်များစွာရှိပြီးဖြစ်သဖြင့် အဆိုပါဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်လာစေမည်ဖြစ် . . .

❖ နိုင်ငံရေးအရအရေးယူပိတ်ဆို့မှုများ၊ စီးပွားရေးအရပိတ်ဆို့မှုများအကြားမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကောင်းဆုံးသောနည်းလမ်းများဖြင့် ကျော်လွှားဆောင်ရွက်လျက်ရှိ . . .

❖ မိမိတို့နိုင်ငံ၏ပညာရေးကဏ္ဍမြင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျောင်းသား၊ မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်၏ပညာရေးကဏ္ဍမှာ စနစ်တကျဖြင့် ဘက်စုံတိုးတက်ကောင်းမွန်လာမည်ဖြစ် . . .

ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရှိစေရေး ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးအနက်ထားကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် ဝါစိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ ဝါစိုက်ပျိုးခြင်း၊ ဝါမှဝါဂွမ်း၊ ဝါဂွမ်းမှချည်မျှင်ကို ထုတ်လုပ်ကြခြင်းဖြစ်ပြီး လူတို့၏ဘဝတွင် အဝတ်အထည်သည် မွေးစမှသေဆုံးသည်အထိ နေ့စဉ်အသုံးပြုနေရသည်ဖြစ်သဖြင့် ဝါသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ဝါသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်ပြီး ဝါမှတစ်ဆင့် စက်မှုလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်နိုင်သည်ဖြစ်သဖြင့် အမှန်တကယ်အကျိုးရှိသည့်လုပ်ငန်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝါစိုက်ပျိုးမှုနှင့် ဝါထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဆီထွက်သီးနှံနှင့်ပတ်သက်၍လည်း ပြည်တွင်းဆီစားသုံးမှုဖူလုံမှုရှိစေရေး မိမိတို့အနေဖြင့် ဆီထွက်သီးနှံများကို အောင်မြင်အောင် စိုက်ပျိုးထုတ်လုပ်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဆီထွက်သီးနှံတွင်ပါဝင်သည့် နှမ်းစိုက်ပျိုးရာတွင်လည်း အောင်မြင်စွာ စိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းရန်၊ စိုက်ပျိုးရေနှင့် အောင်ရေလုံလောက်စွာရရှိရန်လိုအပ်သဖြင့် နှမ်းစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့များအနေဖြင့်စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံသည် ပဲစိုက်ပျိုး၍ နိုင်ငံတကာသို့တင်ပို့သည့် ထိပ်တန်းနိုင်ငံများတွင်ပါဝင်ကြောင်း၊ ထို့ကြောင့် ပဲစိုက်ပျိုးမှုကိုလည်း နိုင်ငံ၏ အဓိကစီးပွားရေးအဖြစ်မှတ်ယူ၍ အရည်အသွေးကောင်းမွန်သည့် ပဲများစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍လည်း ရော်ဘာထုတ်ကုန်များမှတစ်ဆင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီး ဈေးကွက်လိုအပ်ချက်ကြီးမားကျယ်ပြန့်စွာရှိသည့်အတွက် အထွက်နှုန်းများတိုးတက်လာအောင်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ပေးရန် အဓိကတာဝန်ရှိပြီး နိုင်ငံ့စီးပွားနှင့် ပြည်သူလူထုတို့၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနိုင်မှသာလျှင် ပြည်သူလူထုက ယုံကြည်အားကိုးသည့် အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံရေးအရ အရေးယူပိတ်ဆို့မှုများ၊ စီးပွားရေးအရပိတ်ဆို့မှုများအကြားမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကောင်းဆုံးသော နည်းလမ်းများဖြင့် ကျော်လွှားဆောင်ရွက်လျက်ရှိ**နေကြောင်း။

## ကုန်သွယ်မှုလျင်မြန်လုံခြုံချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုများမရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်

ကုန်သွယ်မှုနှင့်ပတ်သက်၍ သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများအားလုံးကို ရိုးရိုးသားသား မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ သွင်းကုန်၊ ပို့ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီမှုရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြရန်လိုပြီး မရိုးမသားဆောင်ရွက်ခြင်းများကြောင့် မိမိတို့နိုင်ငံ၏ပုံရိပ်ကို ထိခိုက်နစ်နာမှုများမဖြစ်စေရန်လိုကြောင်း၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေးအတွက်လည်း လမ်းကြောင်းများတစ်လျှောက်၌ မလိုလားအပ်သည့် စစ်ဆေးရေးဂိတ်များလျှော့ချသွားရန်လိုသကဲ့သို့ တရားမဝင်ကုန်သွယ်မှုများမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများမရရှိဘဲ ထိခိုက်နစ်နာခြင်း၊ အရည်အသွေးမပြည့်မီသည့် ပစ္စည်းများအား ပြည်သူများအနေဖြင့် ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲနေရသဖြင့် ထိခိုက်နစ်နာခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ ကုန်သွယ်မှုလျင်မြန်လုံခြုံချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုများမရှိစေရေး တာဝန်ရှိသူများကအထူးအလေးထားကြပ်မတ်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်ပြောကြားရာတွင် ယခုကာလသည် မိုးရာသီဖြစ်သဖြင့် အချို့ဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ အဓိကအားဖြင့် မြစ်ကြီးများအပါအဝင် ချောင်းမြောင်းများ တိမ်ကောလာခြင်းနှင့် မိုးရွာသွန်းမှုများပြားလာခြင်းများကြောင့် ဖြစ်သည်ကိုတွေ့ရကြောင်း၊ မြစ်ကြီးများ၊ ချောင်းမြောင်းများ တိမ်ကောလာမှုကို မြစ်ချောင်းများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ သဲနုန်းများဆယ်ယူခြင်းဖြင့် ရေစီးဆင်းမှုများကောင်းမွန်လာပြီး ရေကြီးရေလျှံမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားအသုံးပြု၍ သောင်တူးသည့် စက်ကြီးများဖြင့် ဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

အချို့မြို့ပေါ် လူနေရပ်ကွက်များတွင်လည်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ များသောအားဖြင့် ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက်များပိတ်ဆို့မှုများကြောင့်ဖြစ်သည်ကိုတွေ့ရကြောင်း၊ မြို့နေလူထုအနေဖြင့် ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက်လည်း အမှိုက်များကို စည်းကမ်းတကျစွန့်ပစ်ကြရန်လိုကြောင်း၊ ချောင်းကောမြောင်းကောများကြောင့် မြို့များတွင် ရေကြီးမှုများဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် မြို့နေလူထုတို့မှ မိမိတို့မြို့ရွာ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ဝိုင်းဝန်းတားဆီးကာကွယ်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မြို့ရွာများ သန့်ရှင်းသာယာလှပရေးနှင့်ပတ်သက်၍ မိမိတို့သွားရောက်ခဲ့သည့် ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့တွင် မြို့ရွာများ သန့်ရှင်းသာယာလှပလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ **အဓိကအားဖြင့် သက်ဆိုင်ရာစည်ပင်သာယာအဖွဲ့အစည်းများက ဆောင်ရွက်သကဲ့သို့ ပြည်သူတစ်ဦးချင်းစီကလည်း စည်းကမ်းတကျလိုက်နာဆောင်ရွက်ကြသည်ကို တွေ့ရ**ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း အုပ်ချုပ်မှုပိုင်းဆိုင်ရာနှင့် စည်ပင်သာယာရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်၍ မြို့နေလူထုနှင့် ပူးပေါင်းပြီး မြို့ရွာများ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်သွားကြစေလိုကြောင်း။

အခြေခံပညာကျောင်းများအားလုံး စံကိုက်ကျောင်းများဖြစ်စေရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အခြေခံပညာကျောင်းပေါင်း ၅ သောင်းခန့်ရှိပြီး စံကိုက်သည့်ကျောင်းမှာ ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ အခြေခံပညာကျောင်းများကို စံကိုက်ညီမှုသတ်မှတ်ချက်ကို ခွဲခြားဆောင်ရွက်ရာတွင် အခြေခံပညာမူလတန်းကျောင်းအနေဖြင့် သတ်မှတ်ဧရိယာမှာ ၃ ဧကမှ ၅ ဧက၊ အခြေခံပညာအလယ်တန်းကျောင်းအနေဖြင့် ၅ ဧကမှ ၇ ဧက၊ အခြေခံပညာအထက်တန်းကျောင်းအနေဖြင့် ၇ ဧကမှ ၁၀ ဧကရှိရန်သတ်မှတ်ထားကြောင်း၊ စံကိုက်ကျောင်းများအဖြစ်ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ တန်းစီသည့်နေရာများ၊ အားကစားပြုလုပ်ရန်နေရာများနှင့် ကစားကွင်းများရှိရန်လိုသကဲ့သို့ အဆောက်အဦများကိုလည်း စနစ်တကျဆောက်လုပ်ရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် အခြေခံပညာကျောင်းများ၏ မြေပြင်အခြေအနေများကို စနစ်တကျစာရင်းကောက်ယူပြီး သတ်မှတ်ထားသည့် မြေဧရိယာအကျယ်အဝန်းအခြေအနေပေးသည့် ကျောင်းများအား မိမိတို့အစိုးရတာဝန်ယူချိန်အတွင်း စံကိုက်ကျောင်းများအဖြစ် ဦးစားပေးအဆင့်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများ ဆောက်လုပ်ရာတွင်လည်း စနစ်တကျဆောက်လုပ်ရန်နှင့်ရေရှည်အတွက် ထည့်သွင်းစဉ်းစားလျာထား၍ စီမံချက်များစနစ်တကျရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများ လုံခြုံမှုရှိစေရေး၊ စနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာမှုရှိစေရေး၊ စာသင်ကျောင်းများ အနီးပတ်ဝန်းကျင်ကောင်းများဖြစ်စေရေး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျဆောင်ရွက်သွားကြရန်လိုကြောင်း၊ **မိမိတို့နိုင်ငံ၏ပညာရေးကဏ္ဍမြင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျောင်းသား၊ မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်၏ပညာရေးကဏ္ဍမှာ စနစ်တကျဖြင့် ဘက်စုံတိုးတက် ကောင်းမွန်လာမည်ဖြစ်**ကြောင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အခွန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသူများ၊ ပြည်သူများအနေဖြင့် အခွန်ငွေများကို ထမ်းဆောင်ကြပြီး နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါအခွန်ထမ်းငွေများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါအခွန်ထမ်းငွေများကို နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သည့်နေရာများတွင် အကျိုးရှိရှိအသုံးချကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အခွန်ငွေများကို ထိထိရောက်ရောက်အသုံးချရာတွင် အခွန်ထမ်းပြည်သူများ၏ မျက်နှာကိုကြည့်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဖက်ဒရယ်ကိုအခြေခံသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းနေခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်များကို ပေးအပ်ထားသကဲ့သို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ ချမှတ်ဆောင်ရွက်သည့် မူဝါဒများကိုလည်း အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများကလည်း စနစ်တကျဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ မြဝတီ

PPIB News

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# President of the Republic of the Union of Myanmar U Min Aung Hlaing addresses Union government meeting

## Combine advantages of Myanmar and its neighbours to effectively serve the interest of the country and the people



President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the Union government meeting.

NAY PYI TAW August 25

A Union government meeting of the Republic of the Union of Myanmar took place at the Union government meeting hall of the Presidential Palace in Nay Pyi Taw this afternoon, addressed by President U Min Aung Hlaing.

Also present at the meeting were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, union ministers, the Nay Pyi Taw Council chair and officials. Region/state chief ministers attended the meeting through video conferencing.

**Foreign visits further strengthen international diplomatic relations, friendship, and interactions and multi-sectoral cooperation**

In his keynote address, the President said he had visited Thailand, Russian Federation and Republic of Belarus in August at the invitation of the heads of the countries. During the visit to Thailand, the President was able to hold talks on wide array of issues including the continued promotion of bilateral friendship and relations and multi-sectoral cooperation, peace and security in border areas, trade, and investment. As Myanmar citizens and migrant workers staying in Thailand for various reasons are also the Myanmar citizens, the President was able to seriously discuss the matters relating to their safety, full labour rights, legal protection in accord with the laws of the two countries, during the meetings with Thai Prime Minister and the Pro Tem President of the National Assembly of Thailand.

During the recent visits to Russian Federation and Republic of Belarus, the President said he was able to achieve concrete results in multiple issues including the matters relating to deepening of friendship and interactions, economy, trade, investment, education, electricity and energy, science and technology, space technology, defence, and industry.

In exerting all-round efforts for national development, the government must understand the geopolitically importance of the neighbouring countries and their main trading hubs and links. **The government should integrate the advantages of Myanmar and its neighbours to effectively serve the interest of the country and the people. Friendly visits to the regional partners and neighbours have deepened friendship, interactions, cooperation in all fields among the countries. The advantages and superior positions of those countries must be analyzed and utilized.**

**Progress of national economy and socio-economic lives calls for concrete action**

Historical records indicate that the economic downturn is the main culprit of the conflicts appeared in the nation throughout the successive eras. Hence, union ministers, union level dignitaries and officials of the regions and states must put forward correct and objective reports on the true situation of the country. As national economic development projects and plans are based on the reported data, careful attention must be paid to the correctness of the ground situation and figures.

All the global countries are striving for strengthening their economy. Myanmar is also doing the same by using all available energy and opportunities. But Myanmar is experiencing delays without achieving expected progress due to economic and political sanctions imposed by certain countries. It is a must for the government to achieve economic progress through the increase in local products and exports. In so doing, support must be provided to the production industries that mainly rely on domestic raw materials. Moreover, the country should strive to produce import-substitute goods and boost exports.

**As the slogan "the strength of the nation lies within", the country will not rely on foreign aids or loans. It will develop is economy by utilizing all available internal forces and providing support to domestic production.** To do so, Myanmar already has favourable resources and foundations for agriculture and livestock and production businesses. Here the main requirement is the concrete action, united efforts of the Union people and peace and stability. Union ministers responsible for their specific sectors, and responsible persons of regions and states must give priority to the development of agro-based industries. In running production businesses, efforts must be made for the success of the production businesses based on agriculture and livestock which is a renewable resource, rather than extracting above ground and underground resources.

He stated that in efforts to boost export earnings, work must be undertaken to revitalize Myanmar Paw Hsan Hmwe paddy and regain its market share. He added that land must be used effectively, per-acre yields need to be improved, and in line with the saying **"You yourself must strive for what you want,"** efforts should be made to find solutions for success in respective sectors, urging all to work with full commitment for national economic development and the improvement of citizens' socio-economic lives.

He stated that **acquiring skilled human resources with knowledge and expertise is an absolute necessity when implementing plans for national economic development.** He noted that according to the population and housing censuses, the percentage of the country's uneducated population was 58.18 percent in 1973, 41.09 percent in 1983, 10.7 percent in 2014, and 5.67 percent in 2024. He observed that these figures reflect a reasonable degree of progress in the nation's education sector. He emphasized that a stable, peaceful, and prosperous future state can only be built when educated human resources abound. He added that education is being promoted through various means and from all angles, providing monetary rewards and support to teaching staff, while also ensuring that all schools become standard schools equipped with the necessary basic teaching aids.

He stated that as Myanmar relies heavily on agriculture and livestock, high schools, institutes, and universities focusing on agriculture, livestock, and industrial technology are being operated to train domain experts. He noted **substantial market demand for these products across neighbouring and**

See Page - 19►►

►► From Page -18

**regional countries, adding that meeting this demand would significantly drive national economic growth.** Consequently, he called on Union-level officials alongside Region and State Chief Ministers to prioritize and aggressively execute strategies ensuring the success of the agriculture and livestock sectors.

He also stated that cotton cultivation plays an important role in agriculture, as raw cotton is harvested and processed into yarn, and clothing made from it is used daily by humans from birth to death. He noted that cotton is an essential agricultural product for the nation that enables connected industrial operations, making it a genuinely beneficial sector. He therefore urged relevant sectors to work hard toward increasing cotton cultivation and the production of cotton products.

Regarding oilseed crops, he stated that oil crops must be successfully cultivated and produced to ensure domestic edible oil self-sufficiency. In doing so, since good seeds as well as sufficient irrigation and maturing water are necessary to successfully grow sesame, which is an oilseed crop, regional and state governments in sesame-cultivating areas should systematically fulfill these requirements. He noted that Myanmar is among the top countries exporting pulses internationally. Therefore, pulse cultivation must be treated as a primary national economy, and efforts should be made to produce high-quality pulses. Regarding rubber, he added that rubber products enable industrial manufacturing and face large market demand, making it necessary to work toward increasing yield rates.

Then, he stated that a government bears the primary responsibility to foster national economic development, and only by driving progress in the national economy and improving the socio-economic lives of the public can it earn the people's trust and reliance. He added **that amidst political and economic sanctions, efforts are being made to overcome challenges through the best possible methods to achieve national economic growth.**

**Officials taking strict supervision to ensure fast, safe, and smooth trade operations while eliminating illegal trade**

Regarding trade, he stated that all import and export operations need to be conducted honestly and correctly. He noted that relevant officials must strictly inspect and ensure the quality of import and export goods, avoiding any dishonest practices that could damage the country's image. He added that to make commodity flow fast and smooth, unnecessary inspection checkpoints along routes should be reduced, while strict supervision must be maintained to prevent illegal trade. He explained that illegal trade leads to losses for the State due to the non-receipt of deserved taxes and harms the publics, who end up paying high prices for sub-standard goods. Therefore, he urged officials to pay special attention to supervising and ensuring fast, safe, and smooth trade operations while eliminating illegal trade.

Afterwards, Union Ministers and Region and State Chief Ministers discussed and presented matters according to their respective sectors.

In his supplementary remarks, the President highlighted that the current rainy season has led to flooding in several regions, primarily due to the silting of major rivers and streams, coupled with increased rainfall. He noted that the situation could be mitigated through systematic dredging and maintenance of waterways, along with the removal of silt and sediment to improve water flow. To facilitate these efforts, solar-powered dredging equipment is being utilized.

He also addressed urban flooding, attributing it largely to blockages in drainage systems caused by improper waste disposal. He urged city residents to dispose of waste responsibly and called on local administrative bodies, municipal authorities, and urban communities to collaborate in preventing flooding in their respective towns and cities.

On the topic of urban cleanliness and aesthetics, the President drew comparisons with Russia and Belarus, where he observed well-maintained and orderly cities **as both municipal authorities and individual citizens adhered to systematic practices to ensure clean and pleasant urban environments.** He called on regional and state-level administrations to work closely with the public to achieve these goals.

Turning to education, the President stressed the need to upgrade all basic education schools to meet established standards. He noted that out of approximately 50,000 basic education schools nationwide, only about 10 percent currently meet the criteria. The standards require primary schools to have 3 to 5 acres, middle schools 5 to 7 acres, and high schools 7 to 10 acres of land. Such schools must also include designated areas for student assembly, sports, and playgrounds, along with properly constructed buildings. He instructed regional and state authorities to systematically survey existing school facilities and prioritize upgrading those that meet the land-size requirements during his government's tenure. He further emphasized that school construction must be systematic and sustainable, ensuring safety, orderliness, and a clean environment. The President **called on administrative officials to oversee these efforts and urged collaboration among students, parents, teachers, and administrative bodies to advance the country's education sector comprehensively.**

In his concluding remarks, the President addressed tax contributions, reminding business operators and the public to fulfill their tax obligations. He stated that the government uses tax revenues for national development and stressed the importance of utilizing these funds effectively in areas of genuine need. He called on ministries and regional authorities to ensure transparent and efficient use of tax money, keeping the interests of taxpayers in mind.

Reaffirming the nation's commitment to a federal-based multi-party democracy, the President urged regional and state governments to exercise their delegated powers while also ensuring the successful implementation of Union-level policies. He called on Union ministries to provide systematic oversight and coordination to achieve these objectives. The meeting then came to an end.

**Myawady**

# More than 12,000 acres of pigeon pea planted in Monywa Township

MONYWA August 25

Statistics of Monywa Township Agriculture Department stated that local farmers planted 12,350 acres of pigeon pea as monsoon crops in Monywa Township this year.

During the 2026-2027 monsoon cropping season, Monywa Township has set a target of cultivating 12,355 acres of pigeon pea. Planting began in May this year, and as of today, 12,350 acres have already been planted.

"This year's target for pigeon pea cultivation during the monsoon season in Monywa Township is 12,355 acres. As of today, 12,350 acres have already been planted. We are working to ensure that the cultivation target is fully achieved. We are also providing technical assistance to help farmers improve yields. Pigeon pea is grown both as a sole crop and as an intercrop," said U Soe Thet Aung, Head of the Monywa Township Department of Agriculture.

This year, the Monywa Township Department of Agriculture has been providing on-site extension services to pigeon pea growers, including guidance on selecting high-quality certified seeds, adopting proper cultivation practices, controlling pests, and improving crop yields.

The Township Department of Agriculture is also promoting the combined use of urea and borax as a cost-effective alternative to commercial foliar fertilizers for pigeon pea farmers. According to the department, this technique helps reduce cultivation costs while improving plant growth and resistance to pests. **SMK**

# Sagaing District plants more than 5,000 acres of sunflower this year

SAGAING August 25

Local farmers grew 5,630 acres of sunflower as monsoon crops in Sagaing District this year, according to the District Agriculture Department.

During the 2026-2027 monsoon cropping season, Sagaing District has targeted the cultivation of 14,928 acres of sunflower. Planting began in May this year, and as of today, a total of 5,630 acres have been completed, comprising 5,017 acres in Sagaing Township, 404 acres in Myinmu Township, and 209 acres in Myaung Township.



For the 2026-2027 monsoon season, the township-wise cultivation targets for sunflower in Sagaing District are 12,368 acres in Sagaing Township, 2,030 acres in Myinmu Township, and 530 acres in Myaung Township, bringing the total target to 14,928 acres.

To promote the expansion of sunflower cultivation in Sagaing District, the township offices of the Department of Agriculture are intensifying extension activities by conducting educational and technical training programmes. These programmes are designed to enhance the capacity of both agricultural staff and farmers who will cultivate sunflower.

This year, arrangements have also been made to provide sunflower seeds to growers, supply urea fertilizer at affordable prices, and distribute harvested sunflower seeds through farmer-to-farmer seed exchange systems. **SK**

## Russia's Rosatom may build desalination plant at Egypt's El-Dabaa Nuclear Power Plant– CEO

NIZHNY NOVGOROD August 25

Rosatom may construct a large-capacity seawater desalination plant at the El-Dabaa Nuclear Power Plant (NPP) in Egypt, the Russian state nuclear corporation's CEO Alexey Likhachev said on Tuesday.

"We are now at a very practical stage of discussing the timeline, financial matters and organizational model of this project. One option would have this desalination facility, which would serve not only the plant but the entire surrounding area, built on the grounds of the El Dabaa NPP," Likhachev told reporters after a meeting with the Egyptian electricity minister.

Likhachev met with Minister of Electricity and Renewable Energy Mahmoud Esmat in the Russian city of Nizhny Novgorod earlier in the day. He said that the project involves a large-capacity facility using reverse osmosis technology to evaporate seawater using semipermeable membrane.

"A very large section of the coastal territory has been allocated within the plant's perimeter, allowing to implement a large-scale project there, including desalination-related facilities," Likhachev said.

Egypt's first nuclear plant is located on the Mediterranean coast, about 217 miles away from Cairo. It will run on four Russian-built VVER-1200 reactors of the 3+ generation with a total installed capacity of nearly 4,800 megawatts. Rosatom's engineering division is the general designer and general contractor for the nuclear project, the company's first in Africa.

**Sputnik**

# Wildfire in western U.S. state of Nevada destroys dozens of homes, injures 7



LOS ANGELES August 25

Authorities said Monday that dozens of homes had been destroyed or damaged and at least seven people injured as a fast-growing wildfire spread rapidly toward Reno, a city in northwestern Nevada near the Nevada-California border.

The Hawk Fire, which broke out Saturday, had burned more than 15,000 acres (about 60.7 square km) and was 27 percent contained, local fire officials said.

Truckee Meadows Fire Protection District Chief Richard Edwards said at a news conference Monday afternoon that the blaze had destroyed at least 32 homes and damaged six others.

Four civilians and three firefighters were injured in the fire, he added.

About 90,000 residents were in areas affected by evacuation warnings and orders, according to InciWeb, a U.S. interagency all-hazard incident information management system.

The Reno Police Department said in a Facebook post on Monday that evacuation conditions had improved in some nearby communities, with evacuation orders downgraded from "Evacuate Now" to "Get Set to Eva-cuate."

Officials cautioned that while the change was encouraging, the situation remained dynamic and conditions could change rapidly. Residents in affected areas were urged to stay alert, monitor official updates and be prepared to evacuate if necessary.

Nevada Governor Joe Lombardo declared a state of emergency for Washoe County on Saturday night. Reno is the county seat and the most populous city in Washoe County. **Xinhua**

## Mekong floods affect over 13,000 families in Cambodia



PHNOM PENH August 25

The flooding of the Mekong River has affected 13,688 families across four Cambodian provinces, forcing 1,551 families to evacuate to higher ground, a disaster control spokesperson said Tuesday.

Soth Kim Kolmony, spokesperson for the National Committee for Disaster Management (NCDM), said Kratie, Tboung Khmum, Stung Treng, and Kampong Cham provinces have faced severe flooding since last Friday, triggered by the aftermath of Typhoon Saudel.

"Among them, Kratie and Tboung Khmum were hit the hardest, affecting 7,934 and 3,951 families respectively," Kolmony said.

He said the rising waters have inundated over 9,000 homes and submerged over 4,000 hectares of rice paddies. No casualties have been reported.

Cambodia regularly experiences flash floods of the Mekong River between July and October, with NCDM data showing 19 fatalities from floods last year.

**Xinhua**

## 40 killed in Haiti gang attack

PANAMA CITY August 25

At least 40 people were killed after gangs attacked the commune of Kenscoff, near Haiti's capital Port-au-Prince, local media reported Monday.

The gangs, members of the armed coalition Viv Ansanm, moved into the area early Monday, attacking and setting fire to dozens of homes in Kenscoff, reports said.

In a statement, the Haitian government condemned the attack and expressed solidarity with the affected families.

"The government stands firm. It does not withdraw, compromise or retreat. Kenscoff will not be abandoned. Haiti will not be handed over to bandits. The Republic will prevail," the statement said.

Haiti has faced a worsening security crisis since the assassination of President Jovenel Moise in 2021, which created a power vacuum that allowed armed gangs to expand their influence.

The latest violence could further complicate Haiti's presidential and legislative elections scheduled for December 13, 2026. **Xinhua**

# UN to launch program to reduce countries' reliance on US AI technologies - Reports

WASHINGTON August 25

The United Nations Development Programme (UNDP) is collaborating with a with Swiss-based DFINITY Foundation to develop AI software aimed at helping governments reduce their reliance on US and Chinese technologies, Axios reported on Tuesday.

According to the report, the UNDP and DFINITY Foundation have launched a pilot program that will allow governments to test AI applications while retaining control over where their data is stored.

The use of cloud services based in the United States and China could force companies to comply with data retention requirements and surveillance mechanisms in the countries where the technologies were developed, the report said.

The pilot program will initially select five countries to test DFINITY Foundation's technology on specific tasks. Robert Pasicko, head of the UNDP's Alternative Finance Lab, told the report that countries in Latin America, Africa, and Asia will likely participate in the program.

One potential application would involve using DFINITY's AI technology to analyze medical data from 200,000 patients while allowing the government to retain control over sensitive information, Pasicko said.

The UNDP plans to study the impact of AI applications in various sectors, including usability, costs, and local government responses. The goal of the pilot program is to determine which areas are appropriate for AI technologies and which are not.

**Sputnik**

# 4th rainy season tree-planting ceremony (2026) of families of Office of the Commander-in-Chief (Army, Navy and Air) held

NAY PYI TAW August 25

The 4th rainy season tree-planting ceremony (2026) of families of the Office of the Commander-in-Chief (Army, Navy and Air) was held near Yezin Dam in Zeyathiri Township in Nay Pyi Taw this morning and Commander-in-Chief of Defence Services General Ye Win Oo graced it by planting a treasured teak tree.

Also present at the ceremony were his wife Daw Nilar, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and his wife Daw Nan Kuu Ku, union ministers and their wives, the Chief of General Staff (Army, Navy and Air) and his wife, the Commander-in-Chief (Navy) and his wife, the Commander-in-Chief (Air) and his wife, senior military officers from the Office of the Commander-in-Chief and their wives, trainee senior officers from the National Defence College and officers, other ranks and families of offices and departments under the Office of the Commander-in-Chief ( Army, Navy and Air).



Commander-in-Chief of Defence Services General Ye Win Oo and party inspect tree-planting activities of officers, other ranks and families of the Office of the Commander-in-Chief at the 4th rainy season tree-planting ceremony (2026) of the Tatmadaw (Army, Navy and Air ).

First, the Commander-in-Chief of Defence Services and his wife led the ceremony planting a treasured teak tree.Then, attendees planted teak, Ironwood, mahogany and padauk trees at designated places.

Afterward, the Commander-in-Chief of Defence Services and his wife and party inspected the tree-planting activities of officers, other ranks and families.

Altogether 2,400 teak, ironwood, mahogany and padauk trees were planted at today's ceremony.

The 4th similar tree-planting ceremonies were held at respective regional military commands today and treasured, industrial, perennial edible and windbreaker trees including 11,591 trees in Nay Pyi Taw command, 5,030 trees in Northern command, 3,460 trees in North-eastern command, 12,910 trees in Eastern command, 9,570 trees in Eastern Central command, 11,161 trees in Triangle Region command, 4,915 trees in South-eastern command, 6,933 trees in Coastal Region command, 10,990 trees in Yangon command, 3,900 trees in South-western command, 5,100 trees in Western command, 6,190 tees in Northwestern command, 46,696 trees in Central command and 7,380 trees in Southern command were collectively planted by respective commanders, relevant officers, officers, other ranks and families of offices totalling 148, 226 trees today for the entire Tatmadaw. **100**

# More than 1,000 acres of soybean planted in Naga Self-Administered Zone

NAGA August 25

Statistics of Sagaing Region Agriculture Department stated that local farmers have grown more than 1,000 acres of soybean in Naga Self-Administered Zone this year.

During the 2026–2027 monsoon cropping season, the Naga Self-Administered Zone has targeted the cultivation of 1,258 acres of soybeans. Planting began in June this year, and as of today, cultivation has been completed on 121 acres in Leshi Township, 16 acres in Summara, 488 acres in Lahe Township, 115 acres in Thangpakhwe, 172 acres in Nanyun Township, 221 acres in Donhee, and 68 acres in Pansawng, bringing the total planted area to 1,201 acres.

"This year's monsoon cropping season in the Naga Self-Administered Zone has a target of cultivating 1,258 acres of soybeans. As of today, 1,201 acres have already been planted. We are continuing our efforts to ensure that the planned cultivation target is fully achieved. We will also carry out awareness-raising activities to help prevent pest infestations. In addition, we have made arrangements to ensure the availability of the required seed and have been encouraging farmers to participate," said Daw San San Myint, Deputy Director of the Sagaing Region Department of Agriculture.

For the 2026–2027 monsoon cropping season, the soybean cultivation targets by township in the Naga Self-Administered Zone are 311 acres in Leshi Township, 11 acres in Summara, 349 acres in Lahe Township, 122 acres in Thangpakhwe, 142 acres in Nanyun Township, 252 acres in Donhee, and 71 acres in Pansawng, for a total of 1,258 acres.

The respective Township Departments of Agriculture in the Naga Self-Administered Zone are providing extension services to pulse growers, including the supply of improved and certified seed varieties suited to local conditions, guidance on proper cultivation techniques, pest prevention and control, the systematic use of chemical fertilizers, and measures to improve crop yields.

During this year's monsoon cropping season, the departments are also working closely with farmers to improve the yield and quality of pulse crops by providing improved and certified seed, agricultural inputs, and post-harvest technical assistance. **SMK**

# Myaungmya Township ships large number bags of broken rice to Yangon market

MYAUNGMYA August 25

Local merchants from Myaungmya Township of Ayeyawady Region supplied a large number of broken rice bags to Yangon market said Daw Kyi Hsan, the owner of rice and parry trading depot in Myaungmya Township.

From Myaungmya Township, about 57,000 bags of broken rice, each containing 24 pyi, were shipped and sold to the Yangon market. Demand from the Yangon market for locally produced broken rice has reportedly remained strong.

"Broken rice from Myaungmya Township is mainly exported and sold to the Yangon market. Most shipments are transported by cargo trucks. Demand for broken rice noticeably increased starting from around the first week of the month. Rice brokerage businesses have been continuously shipping and selling broken rice. Traders are doing well because transportation and sales are now proceeding smoothly without difficulties," said Daw Kyi Hsan.

The broken rice exported from Myaungmya Township to Yangon is currently priced at Ks-40,000 per 24-pyi bag. Due to the strong sales and exports of broken rice, rice and paddy traders, brokerage business owners, cargo handlers, and truck drivers involved in transportation are reportedly benefiting. **SK**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)၌ မြစ်ကမ်းပြိုမှုကြောင့် ရေကြီးရေလျှံမှုမဖြစ်စေရေး ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)၌ မြစ်ကမ်းပြိုမှုကြောင့် ရေကြီးရေလျှံမှုမဖြစ်စေရေး ယာဉ်ယန္တရားများအသုံးပြု၍ ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။







ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)၌ မြစ်ကမ်းရေတိုက်စားမှုအား တွေ့မြင်ရစဉ်။





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)၌ တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

➠ **ကျောဖုံးမှအဆက်**

တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာ၏ အနောက်ဘက် ပေ (၂၀၀) ခန့်အကွာတွင် အလျား(၇၀၀)ပေ၊ အမြင့် (၁၀) ပေ ယာယီတာပတ်ခြင်း (Ring Bund) လုပ်ငန်းများကို စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်ခြင်း၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ သဲအိတ်ဆင့်ခြင်းများ၊ တာထောက်ခြင်းများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မြစ်ကမ်းပါးရေတိုက်စားမှုဖြစ်ပွားသည့်နေရာတွင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနမှလည်း ဩဂုတ်လ ၂၀ ရက်နေ့နှင့် ၂၂ ရက်နေ့တို့တွင် နိုင်လွန်ပိုက်နှင့် ရေရှိန်သတ်နုန်းဖမ်းခြင်းလုပ်ငန်း (၄)ခုကို ဆောင်ရွက်ခဲ့သော်လည်း ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့သည်။ အဆိုပါမြစ်ကမ်းပါးရေတိုက်စားမှုဖြစ်စဉ်ဖြစ်ပွားသည့်နေရာအနီးရှိ ချောင်းကြီး၊ ဂန်ချောင်း၊ မာယူနှင့် ထုံးဝ စသည့်ကျေးရွာများကိုလည်း ရေဘေးလွတ်ရာနေရာများသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး အကြောင်းကြားထားပြီး တာပတ်ခြင်းလုပ်ငန်းဆောင်ရွက်သည့်နေရာအနီးရှိ လူနေအိမ်များကိုလည်း ဘေးလွတ်ရာသို့ပြောင်းရွှေ့နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

**❍ ပိုက်ကျော်ခြင်းမှ**

အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ပိုက်ကျော်ခြင်း အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကိုနှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ်လ ၂၆ ရက်တွင် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို**အခမဲ့**လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

# Asian Champion League ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်




မြစ်ကြီးနား ဩဂုတ် ၂၅

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် Asian Champion League ပြိုင်ပွဲတွင် မြစ်ကြီးနားမြို့ရှိ IELT ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ချန်ပီယံဆုဖလား၊ တံခွန်စိုက်ဒိုင်းဆုများအပါအဝင် ဆုတံဆိပ်များရရှိခဲ့သော ပြည်နယ်ဂုဏ်ဆောင် ကျောင်းသား၊ ကျောင်းသူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဂုဏ်ပြုစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က အလယ်တန်းအဆင့်အင်္ဂလိပ်၊ သိပ္ပံအိုလံပစ်ဘာသာရပ်များတွင် အမြင့်ဆုံးချန်ပီယံ Diamond Award ၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများအပါအဝင် ချန်ပီယံဆုဖလား၊ တံခွန်စိုက်ဒိုင်းဆုများရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးနှင့် ဆရာ၊ ဆရာမများအတွက် စုစုပေါင်းဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၉၀ ကို ချီးမြှင့်ပေးအပ်သည်။

ထို့ပြင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်) ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် ပြည်နယ်အဆင့်ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုတက်ရောက်ခဲ့ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မိခင်တိုင်းရင်းစာပေ သင်တန်းဆင်း

ဟားခါး ဩဂုတ် ၂၅

မိခင်တိုင်းရင်းစာပေသင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ သင်တန်းနည်းပြများနှင့်သင်တန်းထူးချွန်ဆုရရှိကြသူများကို ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေများ၊ သင်တန်းသားများအတွက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**




# (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ဖျာပုံ ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် (၂၇) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဗဟိုအဆင့်တွင်ပါဝင်ယှဉ်ပြိုင်နိုင်ရေး(ခရိုင်အဆင့်ပြိုင်ပွဲ)ကို ယမန်နေ့နံနက်ပိုင်းက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးစိုးရီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ခင်ဝေ၊ ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ အဖွဲ့ဝင် ဦးဝင်းမြင့်နှင့်ဒုတိယရဲမှူးကြီးသန်းဦးတို့က (၂၇) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး (ခရိုင်အဆင့်ပြိုင်ပွဲ)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အဖွင့်အမှာစကားပြောကြားသည်။



ဆက်လက်၍ ဖျာပုံခရိုင်အတွင်းရှိ (ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေး) မြို့နယ်တို့မှပြိုင်ပွဲဝင်များက သက်ဆိုင်ရာဘာသာရပ်အလိုက် ယှဉ်ပြိုင်ကြရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက်ညနေပိုင်းတွင် ခရိုင်အဆင့် (၂၇)ကြိမ်မြောက်အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုချီးမြှင့်ပွဲကိုကျင်းပရာ ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးကအမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်နှင့်တာဝန်ရှိသူများက ပြိုင်ပွဲတွင်ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲသို့ဖျာပုံခရိုင်လေးမြို့နယ်မှ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူ အဆိုပြိုင်ပွဲဝင် ၃၈ ဦး၊ အကပြိုင်ပွဲဝင် ၂၇ ဦး၊ အရေးပြိုင်ပွဲဝင်တစ်ဦး၊ အတီးပြိုင်ပွဲဝင် ၂၃ ဦး၊ စုစုပေါင်း ၈၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

နေကိုထိုက်

# ပြည်တွင်း၊ ပြည်ပ စီးပွားရေးအခွင့်အလမ်းများကို ချိတ်ဆက်ပြသသွားမည့် Myanmar Business Trade Show & Travel Expo 2026 ပြပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

STP Event Management Team မှ စီစဉ်ပြီး ပြည်တွင်း၊ ပြည်ပစီးပွားရေးအခွင့်အလမ်းများကို ချိတ်ဆက်ပြသသွားမည့် Myanmar Business Trade Show & Travel Expo 2026 ပြပွဲကို စက်တင်ဘာလ ၄ ရက်မှ ၆ ရက်ထိ ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်၌ သုံးရက်ကြာခင်းကျင်းပြသသွားမည်ဖြစ်ရာ အဆိုပါ Expo ပြပွဲအကြောင်းနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်၌ ကျင်းပခဲ့သည်။

ပြပွဲတွင် နိုင်ငံတကာသံရုံးများနှင့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့များ၊ ပြည်တွင်းစီးပွားရေးအသင်းအဖွဲ့များနှင့် MSME များ၊ Travel ,Tourism & Healthcare ကဏ္ဍမှလုပ်ငန်းရှင်များ၊ Export , Import & Distribution ကုမ္ပဏီများ၊ Local & International Brand များ၊ ဖျော်ဖြေရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်မည်ဖြစ်သည်။

“ဒီပြပွဲကြီးမှာဆိုလို့ရှိရင် သံရုံးအသီးသီးကနေ သံမတ်တွေလည်း အများကြီးပါဝင်မှာဖြစ်ပါတယ်။ သံရုံးတွေက ဖိတ်ခေါ်ထားသလို မြန်မာနိုင်ငံမှာရှိတဲ့ သံရုံးပေါင်း ၄၀ ကျော်ပါဝင်မှာဖြစ်ပါတယ်။ အဓိကကျွန်မတို့ရဲ့ Main ကတော့ Exhibition Only (ပြပွဲတစ်ခုတည်း) မဟုတ်ဘဲနဲ့ Business Networking ပါဝင်တဲ့ Exhibition Plus Business Networking ကို ပထမဦးဆုံး ဖော်ဆောင်ပေးတဲ့ ပွဲလည်းဖြစ်ပါတယ်” ဟု STP Event Management Teamမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်သင်းသင်းအောင်ကပြောသည်။

ထို့ပြင် B2B Networking & Business Matching အခွင့်အလမ်းအစီအစဉ်များ၊ Global & Local Connections ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအချင်းချင်း Inter–cation ပြုလုပ်ခြင်း၊ Entertainment & Cultural Showcase ဖျော်ဖြေရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအစီအစဉ်များအပြင် စက်တင်ဘာလ ၇ ရက်တွင် Exclusive VVIP Networking အစီအစဉ်များပါဝင်မည်ဖြစ်သည်။

အဆိုပါ Expo အား တက်ရောက်ခြင်းအားဖြင့် Market Strategy & Networking အသစ်များ၊ International Business Platform တွင် ပါဝင်ခွင့်၊ နိုင်ငံတကာကုန်သွယ်မှုနှင့်စီးပွားရေးဈေးကွက်ချဲ့ထွင်နိုင်မှု၊ နိုင်ငံတကာသံရုံးများနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်မည့်အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**လင်းခန့်**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ



နေပြည်တော် ဩဂုတ် ၂၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂၇ ဒသမ ၈၁၂၃ တန်၊ သစ်မာ ၀ ဒသမ ၆၆၄၄ တန်၊ အခြား ၅ ဒသမ ၇၈၅၈ တန်၊ စုစုပေါင်း ၃၄ ဒသမ ၂၆၂၅ တန်၊ ယာဉ်/ယန္တရား ခုနစ်စီး၊ တရားခံ ရှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၂°C |
| ရန်ကုန် | ၂၅°C | / | ၃၃°C |
| မန္တလေး | ၂၇°C | / | ၃၃°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# လက်ပံတန်းမြို့နယ်၌ ရိုဘက်စတာကော်ဖီပျိုးပင် ၅၀၀၀၀ ပျိုးထောင်ထားရှိ၊ ဆီထွက်သီးနှံမျိုးစေ့များပေးအပ်

ပဲခူး ဩဂုတ် ၂၅

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးတက်ရရှိစေရေး နှစ်ရှည်သီးနှံစိုက်ခင်းများတွင် ရောနှောစိုက်ပျိုးနိုင်သည့် ရိုဘက်စတာကော်ဖီပျိုးပင် ၅၀၀၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ အဆိုပါ ရိုဘက်စတာကော်ဖီပျိုးပင်များကိုသွားရောက်ကြည့်ရှုပြီး မိုးရာသီအတွင်းပျိုးပင်အားလုံးဖြန့်ဝေပေးရန် မှာကြားကာ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးနှင့်ရှက်ဖျန်းမြေဩဇာထုတ်လုပ်နိုင်ရေး စွန့်ပစ်စပါးခွံဖြင့် Biochar ပြုလုပ်အသိပညာပေးခြင်းအား ကြည့်ရှုအားပေးသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးအတွင်း တန်ဖိုးမြင့် ဒေသမျိုးရင်းစပါးမျိုးများ ပြန်လည်ဖော်ထုတ်၍ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေး နတ်တလင်းခရိုင်ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာအုပ်စု နတ်ပုတီးကျေးရွာ၌ တန်ဖိုးမြင့် ဒေသမျိုးရင်းစပါးဖြစ်သည့် တောင်ပျံမွှေးမျိုးစေ့ထုတ်စိုက်ခင်း ဧက ၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့်စုပေါင်းမြေဩဇာကြဲပက်နေမှုအား ကွင်းဆင်းကြည့်ရှုအားပေးသည်။

အလားတူ သာယာဝတီခရိုင်လက်ပံတန်းမြို့နယ် တောင်သူလယ်သမားသင်တန်းကျောင်း၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးစိုက်ရာသီပြီးပါက ကြားသီးနှံအဖြစ် ဆီထွက်သီးနှံပဲပုပ်စိုက်ပျိုးရန်၊ စိုက်ပျိုးမြေနှင့်စိုက်ပျိုးရေအား အကျိုးရှိရှိစနစ်တကျသုံးစွဲရန်၊ မိမိတို့ဒေသရှိရေမြေသဘာဝနှင့်ကိုက်ညီသည့် တန်ဖိုးမြင့်သီးနှံများကို ရွေးချယ်စိုက်ပျိုးကြရန်နှင့်သဘာဝဂေဟစနစ်ကို ထိခိုက်ပျက်စီးမှုမရှိစေရေး



အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန်ပြောကြားပြီး ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ဆီထွက်သီးနှံပဲပုပ်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အသိပညာပေးပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဒေသခံတောင်သူများအတွက် ဆီထွက်သီးနှံ ရေဆင်း(၁၅) ပဲပုပ်မျိုးစေ့များပေးအပ်ခဲ့ကြောင်း သိရသည်။

ဥသျှောင်တိုင်းသား

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့်ပြည်ပနိုင်ငံသားငါးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအားသက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၂၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသားသုံးဦးနှင့် မလေးရှားနိုင်ငံသားနှစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသားငါးဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့်အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Third Secretary Mrs. Nur Shakila Binti Lawrence နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Assistant Section Officer Mr. Jesse Elhanan Warbah နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှတာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၃၉ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၂၄ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၆)အစုန် မန္တလေး-ရန်ကုန် DEMU ရထားအား ခဲဖြင့်ပေါက်သူကိုဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ


နေပြည်တော် ဩဂုတ် ၂၅

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများပြေးဆွဲပေးလျက်ရှိရာ ယနေ့နံနက် ၁၁ နာရီမိနစ် ၂၀ တွင် အမှတ်(၆)အစုန် မန္တလေး-ရန်ကုန် DEMU လူစီးအမြန်ရထားသည် ညောင်လွန့်နှင့် မကျီးပင်ဘူတာအကြား မိုင်တိုင်အမှတ်(၂၅၈/၂၄)နှင့် (၂၅၈/၂၃)ကြား၊ ရန်ကုန်-မန္တလေးရထားလမ်းပိုင်း တပ်ကုန်းမြို့နယ်အတွင်း ရထားပြေးဆွဲနေစဉ် ရထားလမ်းညာဘက်ခြမ်းမှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း ၅ တွဲမြောက် ပထမတန်းတွဲ DEMU F(C)-1006 တွဲ၏ ခုံအမှတ် ၄၃၊ ၄၄၊ ၄၅ နှင့် ၄၆ အကြား ပြတင်းတံခါးမှန်အားထိမှန်၍ မှန်ကြေမွကွဲအက်မှုဖြစ်ပွားပြီး ခရီးသည်များထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါဖြစ်ပွားရာနေရာအနီး မကျီးပင်ဘူတာသို့ ရထားအားနောက်ပြန်ဆုတ်၍ ရထားလိုက် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တရားခံဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီအရေးယူနိုင်ရေး သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှုမိနစ် ၂၀ ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်းပြေးဆွဲခဲ့ကြောင်းသိရသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကိုတစ်စုံတစ်ရာဖြင့်ပစ်ပေါက်ခြင်း (သို့မဟုတ်) တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ ၂၀ နှစ်အထိမပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ကြောင်းသိရှိရပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများအဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

မြဝတီ



ညောင်လွန့်နှင့်မကျီးပင်ဘူတာအကြား အမှတ်(၆)အစုန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်မှုကြောင့် ပထမတန်းတွဲ၏ ပြတင်းတံခါးမှန် ကြေမွကွဲအက်မှုကို တွေ့ရစဉ်။

# မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် မကူးစက်နိုင်သောရောဂါများ

ဝေဖြိုးအောင်

ခေတ်သစ်ကမ္ဘာတွင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးနှင့်လူမှုရေးတိုးတက်မှုပြယုဂ်တစ်ခုအဖြစ်ရှုမြင်ကြသည်။ သို့ရာတွင် အရှိန်အဟုန်ဖြင့် ကြီးထွားလာသောမြို့ပြအသွင်ကူးပြောင်းမှုသည် လူသားတို့၏နေထိုင်မှုပုံစံကို ပြင်းထန်စွာပြောင်းလဲစေခဲ့ပြီး ပြည်သူ့ကျန်းမာရေးအတွက် စိန်ခေါ်မှုအသစ်များကိုပါ ဖန်တီးလာခဲ့သည်။ အထူးသဖြင့် မကူးစက်နိုင်သောရောဂါများဖြစ်ပွားမှုနှုန်းသည် မြို့ပြဒေသများတွင် သိသိသာသာမြင့်တက်လာလျက်ရှိသည်။



လေထုညစ်ညမ်းမှုအညွှန်းကိန်းကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ အသိပေးနိုင်ရန် လေထုအရည်အသွေးတိုင်းတာရေး အာရုံခံကိရိယာများ တပ်ဆင်ထားပုံ။

NCDs (Non–Communicable diseases)ဟု ခေါ်သော နှလုံးနှင့်သွေးကြောဆိုင်ရာရောဂါများ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါနှင့် နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများသည် ကမ္ဘာတစ်ဝန်းသေဆုံးမှု၏အဓိကအကြောင်းရင်းများဖြစ်လာသည်။ မြို့ပြစီမံခန့်ခွဲမှုယန္တရားများ၊ အခြေခံအဆောက်အအုံများနှင့် မြို့ပြမူဝါဒများသည် ဤရောဂါများဖြစ်ပွားစေရန် တွန်းအားပေးသောပတ်ဝန်းကျင်ကို သွယ်ဝိုက်သောနည်းဖြင့် ဖန်တီးပေးနေတတ်သည်။ ထို့ကြောင့် ခေတ်မီမြို့ပြများတည်ဆောက်ရာတွင် အုပ်ချုပ်ရေး၊ ကျန်းမာရေးနှင့်စည်ပင်သာယာရေးကဏ္ဍများပေါင်းစပ်၍ NCDs ကာကွယ်တားဆီးရေးကို အရေးကြီးသောတာဝန်တစ်ရပ်အနေဖြင့် ထည့်သွင်းစဉ်းစားရန်လိုအပ်လာပြီဖြစ်သည်။

**မကူးစက်နိုင်သောရောဂါများ(NCDs)နှင့် ရောဂါဗေဒဆိုင်ရာအမြင်**

ဆေးပညာနှင့် ရောဂါဗေဒရှုထောင့်မှလေ့လာကြည့်လျှင် မကူးစက်နိုင်သောရောဂါများသည် ဗိုင်းရပ်စ်သို့မဟုတ် ဗက်တီးရီးယားကဲ့သို့ ပြင်ပပိုးမွှားများကြောင့် ချက်ချင်းဖြစ်ပွားလာခြင်းမဟုတ်ဘဲ မျိုးရိုးဗီဇ၊ ဇီဝကမ္မဖြစ်စဉ်၊ ပတ်ဝန်းကျင်အခြေအနေနှင့် လူနေမှုဘဝပုံစံများ ကြာရှည်စွာပေါင်းစပ်သက်ရောက်မှုကြောင့်ဖြစ်ပေါ်လာသည့် နာတာရှည်ရောဂါများဖြစ်သည်။ မြို့ပြနေထိုင်သူများ၏ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များနှင့် တစ်သျှူးများသည် နေ့စဉ်နှင့်အမျှ ညစ်ညမ်းသောလေထု၊ ဓာတုပစ္စည်းများပါဝင်သော အသင့်စားအစားအစာများနှင့် စိတ်ဖိစီးမှုဟော်မုန်းများ၏ဒဏ်ကို ခံစားနေရသည်။ ဤအခြေအနေများသည် ခန္ဓာကိုယ်အတွင်း နာတာရှည်ရောင်ရမ်းမှုကို ဖြစ်စေပြီး နောက်ဆုံးတွင် ဆဲလ်များ ပုံမှန်မဟုတ်ဘဲ ပြောင်းလဲခြင်း (ဥပမာ–ကင်ဆာ) သို့မဟုတ် အင်ဆူလင်တုံ့ပြန်မှုကျဆင်းခြင်း(ဥပမာ– ဆီးချို)ကဲ့သို့သောရောဂါဗေဒဆိုင်ရာပြောင်းလဲမှုများကို ဦးတည်စေသည်။

**မြို့ပြတည်ဆောက်ပုံနှင့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း**

မြို့ပြများ၏အခြေခံအဆောက်အအုံတည်ဆောက်ပုံသည် လူတို့၏ကိုယ်လက်လှုပ်ရှားမှုအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည်။ ခေတ်မီမြို့ပြအများစုသည် မော်တော်ယာဉ်သွားလာရေးကိုသာ အဓိကထားတည်ဆောက်လေ့ရှိပြီး လမ်းလျှောက်သူများ၊ စက်ဘီးစီးသူများအတွက် လုံခြုံစိတ်ချရသောလမ်းကြောင်းများ အားနည်းတတ်သည်။

ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းသည် အဝလွန်ခြင်းနှင့်နှလုံးရောဂါဖြစ်ပွားမှုအတွက် အဓိကအန္တရာယ်တစ်ခုဖြစ်သည်။ သို့ဖြစ်ရာ စီမံခန့်ခွဲမှုတွင် အများပြည်သူ နံနက်ခင်းလမ်းလျှောက်နိုင်ရန်၊ ပြေးနိုင်ရန် အရည်အသွေးမြင့်ပြေးလမ်းများပါဝင်သော ပန်းခြံများဖန်တီးပေးခြင်း၊ လုံခြုံချောမွေ့သော လူသွားပလက်ဖောင်းများတည်ဆောက်ပေးခြင်းသည် မရှိမဖြစ်လိုအပ်လှသည်။ အားကစားဖိနပ်များဝတ်ဆင်၍ စနစ်တကျလမ်းလျှောက်ခြင်း၊ ပြေးခြင်းအလေ့အထကို အားပေးနိုင်သော မြို့ပြဝန်းကျင်ကို ဖန်တီးပေးရမည်ဖြစ်သည်။

**မြို့ပြလေထုညစ်ညမ်းမှုနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ**

မြို့ပြများတွင် စက်ရုံအလုပ်ရုံများ၊ မော်တော်ယာဉ်အိတ်ဇောငွေ့များနှင့် ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ပေါ်လာသောအမှုန်အမွှားများ ($PM_{2.5}$ နှင့် $PM_{10}$) ကြောင့် လေထုညစ်ညမ်းမှုမှာ အလွန်ဆိုးရွားလှသည်။ ဤလေထုညစ်ညမ်းမှုသည် နာတာရှည်အဆုတ်ရောဂါ(COPD)၊ ပန်းနာရင်ကျပ်နှင့် အဆုတ်ကင်ဆာတို့ကို တိုက်ရိုက်ဖြစ်စေနိုင်သည်။ လေထုအတွင်းရှိ အလွန်သေးငယ်သောအမှုန်များသည် အဆုတ်၏လေအိတ်ငယ်များအထိ ရောက်ရှိနိုင်ပြီး သွေးကြောများမှတစ်ဆင့် တစ်ကိုယ်လုံးသို့ပျံ့နှံ့ကာ နှလုံးသွေးကြောဆိုင်ရာရောဂါများကိုပါ ပိုမိုဆိုးရွားစေသည်။ ထို့ကြောင့် မြို့ပြစီမံခန့်ခွဲသူများအနေဖြင့် လေထုညစ်ညမ်းမှုတိုင်းတာရေးစနစ်များ တပ်ဆင်ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုလျှော့ချရေးမူဝါဒများကို မဖြစ်မနေ အကောင်အထည်ဖော်ရမည်ဖြစ်သည်။

**အစားအသောက်ဝန်းကျင်ပြောင်းလဲလာမှု**

မြို့ပြလူနေမှုစနစ်တွင် အချိန်လု၍ အလုပ်လုပ်ရသဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်သောအသင့်စားအစားအစာများ၊ ပြုပြင်ဖန်တီးထားသောအစားအစာများနှင့် အချိုရည်များကို ပိုမိုစားသုံးလာကြသည်။ ဤအစားအစာများတွင် အသွင်ပြောင်းဆီ၊ သကြားနှင့် ဆားအမြောက်အမြား ပါဝင်လေ့ရှိသည်။ လတ်ဆတ်သောသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များရရှိနိုင်သောဈေးများထက် စူပါမားကတ်များနှင့် အသင့်စားဆိုင်များပေါ်များလာခြင်းသည် မြို့ပြနေပြည်သူများအကြား ဆီးချို၊ သွေးတိုးနှင့် အဝလွန်ရောဂါများကို အဆမတန်မြင့်တက်စေသည်။ သက်ဆိုင်ရာမှ စားသောက်ဆိုင်များအတွက် ကျန်းမာရေးနှင့် သန့်ရှင်းရေးအဆင့် သတ်မှတ်ချက်များကို စနစ်တကျပြဋ္ဌာန်းစစ်ဆေးခြင်းဖြင့် ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သောအစားအသောက်များ ရရှိရေးကို ကြီးကြပ်ပေးရမည်ဖြစ်သည်။

**စိတ်ဖိစီးမှုနှင့် မြို့ပြလူနေမှုဝန်းကျင်**

လူဦးရေထူထပ်ခြင်း၊ ဆူညံသံများခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် အလုပ်ခွင်ပြိုင်ဆိုင်မှုပြင်းထန်ခြင်းတို့သည် မြို့ပြနေပြည်သူများအတွက် နေ့စဉ်စိတ်ဖိစီးမှုကိုဖြစ်စေသည်။ ရေရှည်စိတ်ဖိစီးမှုသည် ခန္ဓာကိုယ်တွင်းရှိ ကော်တီဆောဟော်မုန်းကို အစဉ်အမြဲမြင့်တက်နေစေပြီး သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် ဆီးချိုရောဂါများ၏အခြေအနေကို ပိုမိုဆိုးရွားစေသည်။ စိတ်ဖိစီးမှုလျှော့ချရန်အတွက် မြို့ပြများတွင် စိမ်းလန်းသောနေရာများ၊ အများပြည်သူအပန်းဖြေနိုင်သောရေကန်များနှင့်ပန်းခြံများ အလုံအလောက်ထည့်သွင်းတည်ဆောက်ရေးသည် မြို့ပြစီမံကိန်းရေးဆွဲရာတွင် အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။

**မြို့ပြစီမံခန့်ခွဲမှုယန္တရား၏အခန်းကဏ္ဍ**

NCDs ရောဂါများကိုကာကွယ်ရာတွင် ဆေးရုံဆေးခန်းများ၏ကုသမှုသက်သက်ဖြင့် မလုံလောက်ဘဲ မူဝါဒပိုင်းဆိုင်ရာဦးဆောင်မှုမှာ အလွန်အရေးကြီးသည်။ စီမံခန့်ခွဲသူများအနေဖြင့် မြို့ပြမြေနေရာသတ်မှတ်ခြင်းများကို ကျန်းမာရေးရှုထောင့်မှချဉ်းကပ်ရန်လိုအပ်သည်။ ဥပမာအားဖြင့် စာသင်ကျောင်းများအနီးတွင် အသင့်စားဆိုင်များဖွင့်လှစ်ခွင့်ကို ကန့်သတ်ခြင်း၊ အများပြည်သူပိုင်နေရာများတွင် ဆေးလိပ်သောက်ခြင်းနှင့်ကွမ်းစားခြင်းများကိုတင်းကျပ်စွာတားမြစ်ခြင်း (ဥပမာ – စားသောက်ဆိုင်များတွင်ဆေးလိပ်/ကွမ်းစားရန် သီးသန့်နေရာလုံးဝခွင့်မပြုတော့ခြင်း)ကဲ့သို့သော မူဝါဒများကို ချမှတ်ကျင့်သုံးသင့်သည်။

> “မြို့ပြဖွံ့ဖြိုးတိုးတက်မှုသည် ရှောင်လွှဲ၍မရသော ကမ္ဘာ့ရေစီးကြောင်းတစ်ခုဖြစ်သော်လည်း ယင်းကြောင့်ဖြစ်ပေါ်လာမည့် မကူးစက်နိုင်သောရောဂါများ(NCDs)၏ ဆိုးကျိုးများကိုမူ မှန်ကန်သောမြို့ပြစီမံခန့်ခွဲမှုများဖြင့် ကာကွယ်တားဆီးနိုင်၊ ဆေးပညာရှုထောင့်မှကြိုတင်ကာကွယ်ခြင်းနှင့် ခေတ်မီအုပ်ချုပ်မှုယန္တရားတို့ပေါင်းစပ်ပြီး Health in All Policies မူဝါဒကိုကိုင်စွဲကျင့်သုံးခြင်းဖြင့်သာလျှင် ကျန်းမာသန်စွမ်းပြီး ထုတ်လုပ်မှုစွမ်းအားမြင့်မားသောအနာဂတ်မြို့ပြအသိုင်းအဝိုင်းကို တည်ဆောက်နိုင်မည်ဖြစ် . . .”

**စမတ်စီးတီးနှင့် အနာဂတ်မြို့ပြကျန်းမာရေး**

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စမတ်စီးတီးစနစ်များကို မြို့ပြအုပ်ချုပ်ရေးတွင် တွင်ကျယ်စွာ အသုံးပြုလာကြပြီဖြစ်သည်။ NCDs ထိန်းချုပ်ရေးအတွက် စမတ်စီးတီးအခြေခံအဆောက်အအုံများသည် အလွန်အသုံးဝင်သည်။ မြို့ပြအနှံ့တပ်ဆင်ထားသော လေထုအရည်အသွေးတိုင်းတာရေးအာရုံခံကိရိယာများမှတစ်ဆင့် လေထုညစ်ညမ်းမှုအညွှန်းကိန်းကို ပြည်သူများထံအချိန်နှင့်တစ်ပြေးညီ အသိပေးနိုင်သည်၊ ထို့ပြင် ကျန်းမာရေးအချက်အလက်များကိုစနစ်တကျစုဆောင်းသုံးသပ်ခြင်းဖြင့် မည်သည့်ရပ်ကွက်/မြို့နယ်တွင် မကူးစက်နိုင်သောရောဂါဖြစ်ပွားမှုပိုမိုများပြားနေကြောင်း ဖော်ထုတ်နိုင်ပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ပစ်မှတ်ထားဆောင်ရွက်နိုင်မည်ဖြစ်သည်။

**ကဏ္ဍစုံပူးပေါင်းပါဝင်မှု မူဝါဒ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားသော မူဝါဒတိုင်းတွင် ကျန်းမာရေးထည့်သွင်းစဉ်းစားခြင်း ချဉ်းကပ်မှုသည် မြို့ပြဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သည်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် ဘေးကင်းသော စက်ဘီးစီးလမ်းကြောင်းများ ဖော်ဆောင်ပေးရန်၊ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးကဏ္ဍအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများ ဈေးနှုန်းသက်သာစွာရရှိစေရန်နှင့်ပညာရေးကဏ္ဍအနေဖြင့် ကျောင်းသားလူငယ်များကို ကျန်းမာသောနေထိုင်မှုပုံစံများ သင်ကြားပေးရန်လိုအပ်သည်။ သက်ဆိုင်ရာများ အချိတ်အဆက်မိမိပူးပေါင်းဆောင်ရွက်မှသာလျှင် NCDs အန္တရာယ်ကိုလျှော့ချနိုင်မည်ဖြစ်သည်။

**လေ့လာမှုမှတ်တမ်းများနှင့် သုတေသနများ**

နိုင်ငံတကာသုတေသနပြုချက်များအရ ကိုယ်လက်လှုပ်ရှားမှုအတွက် အထောက်အကူပြုသောမြို့ပြဒီဇိုင်းများရှိသည့် နိုင်ငံများတွင် နှလုံးရောဂါနှင့်ဆီးချိုရောဂါဖြစ်ပွားမှုနှုန်း သိသိသာသာနည်းပါးကြောင်း တွေ့ရှိရသည်။ ဥပမာ– စင်ကာပူနိုင်ငံ၏ “Park Connector Network”သည် မြို့တွင်းရှိပန်းခြံများကိုချိတ်ဆက်ပေးထားပြီး ပြည်သူများ စက်ဘီးစီးခြင်းနှင့်ပြေးခြင်းတို့ကို ဘေးကင်းစွာပြုလုပ်နိုင်ရန် ဖန်တီးပေးထားသည်။

နိဂုံးချုပ်အနေဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုသည် ရှောင်လွှဲ၍မရသော ကမ္ဘာ့ရေစီးကြောင်း တစ်ခုဖြစ်သော်လည်း ယင်းကြောင့်ဖြစ်ပေါ်လာမည့် မကူးစက်နိုင်သောရောဂါများ(NCDs)၏ ဆိုးကျိုးများကိုမူ မှန်ကန်သောမြို့ပြစီမံခန့်ခွဲမှုများဖြင့် ကာကွယ်တားဆီးနိုင်သည်။ ဆေးပညာရှုထောင့်မှ ကြိုတင်ကာကွယ်ခြင်းနှင့် ခေတ်မီအုပ်ချုပ်မှုယန္တရားတို့ပေါင်းစပ်ပြီး Health in All Policies မူဝါဒကို ကိုင်စွဲကျင့်သုံးခြင်းဖြင့်သာလျှင် ကျန်းမာသန်စွမ်းပြီး ထုတ်လုပ်မှုစွမ်းအားမြင့်မားသော အနာဂတ်မြို့ပြအသိုင်းအဝိုင်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်၏အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များ NCDs ရောဂါများကြောင့် ဆုံးရှုံးမှုမရှိစေရေးအတွက် မြို့ပြစီမံကိန်းရေးဆွဲသူများ၊ ကျန်းမာရေးပညာရှင်များနှင့် ပြည်သူတစ်ရပ်လုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

**မှီငြမ်းကိုးကားစာရင်း**

၁။ World Health Organization (WHO) – Global Action Plan for the Prevention and Control of NCDs.

၂။ UN Habitat – Urbanization and Public Health Guidelines.

၃။ Health in All Policies (HiAP) Framework, World Health Organization.



# ကီလိုမီတာ ၆၀၀၀ အထိတာဝေးခရီးနှင်နိုင်စွမ်းကို စမ်းသပ်နိုင်ခဲ့တဲ့ တရုတ်စစ်လေယာဉ်မှုုးများ

ပေကျင်း၊ စစ်ရေး

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(လေတပ်)မှ တိုက်လေယာဉ်များဟာ အီဂျစ်နိုင်ငံရှိ တိုက်လေယာဉ်များနဲ့ပူးပေါင်းပြီး စစ်ရေးလေ့ကျင့်ခန်းတစ်ခုကိုလုပ်ဆောင်နေပါတယ်။ အဲဒီစစ်ရေးလေ့ကျင့်ခန်းကို ပြီးခဲ့တဲ့သီတင်းပတ်မှာစတင်တာဖြစ်ပြီး လာမယ့်လအစောပိုင်းအထိကြာမြင့်မှာဖြစ်ပါတယ်။

ဒီစစ်ရေးလေ့ကျင့်ခန်းအတွက် တရုတ်လေတပ်က J-16 တိုက်လေယာဉ်များ၊ YU-20 ဝေဟင်ဆီဖြည့်လေယာဉ်များ၊ KJ-500 ဝေဟင်ကြိုတင်သတိပေးရေးနဲ့ထိန်းချုပ်ရေးလေယာဉ်နဲ့ Z-20 ရဟတ်ယာဉ်များကို စေလွှတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီလိုစေလွှတ်တဲ့နေရာမှာ တရုတ်စစ်လေယာဉ်မှုုးများက တရုတ်နိုင်ငံကနေ အီဂျစ်နိုင်ငံကိုရောက်ရှိဖို့ ကီလိုမီတာ ၆၀၀၀ အကွာအဝေးကို ကိုးနာရီအတွင်းမှာပင်ပျံသန်းနိုင်ခဲ့တယ်လို့သိရပါတယ်။ ဒီလိုပျံသန်းမှုက တရုတ်စစ်လေယာဉ်များရဲ့ မဟာဗျူဟာမြောက်ခရီးပေါက်မှုကို စမ်းသပ်လိုက်ခြင်းလည်းဖြစ်ပါတယ်။ ဒီလိုမျိုး ကီလိုမီတာ ၆၀၀၀ အကွာအဝေးကိုပျံသန်းဖို့ လေယာဉ်များအနေနဲ့ နိုင်ငံပေါင်းလေးနိုင်ငံကိုဖြတ်ကျော်ခဲ့ရတယ်လို့ CCTV သတင်းဌာနက ဖော်ပြထားပါတယ်။

"နယ်စပ်များကိုဖြတ်ကျော်ပျံသန်းမှု၊ ထောက်ပံ့ရေးပစ္စည်းများကို အလွန်လျင်မြန်စွာအတင်၊ အချလုပ်မှုတို့အပါအဝင် အခုလေ့ကျင့်မှုက လေတပ်ရဲ့တပ်ဖွဲ့များကိုတာဝေးစေလွှတ်နိုင်မှုစွမ်းရည်များကိုပါ စမ်းသပ်နိုင်ခဲ့ပါတယ်" လို့ CCTV သတင်းရဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

တိုက်လေယာဉ်များအတွက် ဝေဟင်ဆီဖြည့်လေယာဉ်မှတစ်ဆင့် ဆီဖြည့်တင်းခဲ့ပြီး အီဂျစ်နိုင်ငံကိုရောက်ရောက်ချင်းမှာပင် လေ့ကျင့်ရေးစီမံချက်အတိုင်းဆောင်ရွက်မှုတို့ကို ချက်ခြင်းလုပ်ဆောင်နိုင်ခဲ့ပါတယ်။ အရှေ့အလယ်ပိုင်းပဋိပက္ခမှာ အီဂျစ်နိုင်ငံက ဘက်မလိုက်နိုင်ငံအဖြစ်ရပ်တည်နေစဉ်မှာပင် နှစ်နိုင်ငံကြားဆက်ဆံရေးတိုးတက်စေရန် အခုလိုမျိုးပူးတွဲစစ်ရေးလေ့ကျင့်မှုကို လုပ်ဆောင်တာဖြစ်တယ်လို့ သိရပါတယ်။ Ref: SCMP

# အမေရိကန်ကို လျှပ်စစ်မီးဖြတ်မယ်လို့ ကနေဒါခြိမ်းခြောက်

အွန်တာရီယို၊ နိုင်ငံရေး

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ၂၀၂၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင်ကာ ကနေဒါနိုင်ငံမှတင်သွင်းလာမယ့် လူစီးကားများ၊ ကုန်တင်ကားများ၊ မော်တော်ယာဉ်အစိတ်အပိုင်းများနဲ့ သံမဏိများကို သွင်းကုန်အခွန် ၅၀ ရာခိုင်နှုန်းအထိတိုးမြှင့်ကောက်ခံသွားမယ်လို့ ကြေညာလိုက်ပါတယ်။ ထရမ့်ရဲ့ကြေညာချက်ထွက်ပေါ်လာပြီးမကြာမီမှာပင် ကနေဒါဝန်ကြီးချုပ်က အမေရိကန်နိုင်ငံကို လျှပ်စစ်မီးဖြတ်သွားမယ်လို့ ခြိမ်းခြောက်လိုက်ပါတယ်။ ဒါတင်မကသေးဘဲ အရေးကြီးသတ္တုများတင်ပို့မှုကိုပါဖြတ်တောက်သွားမယ်လို့ဆိုလာပါတယ်။




"အရာအားလုံးက စားပွဲဝိုင်းပေါ်မှာရှိပါတယ်။ ကျွန်တော်ကတော့ ဘယ်အရာကိုမဆိုလုပ်ဆောင်သွားဖို့အဆင့်သင့်ပါပဲ"လို့ ကနေဒါဝန်ကြီးချုပ် ဒေါက်ဖို့က ဩဂုတ်လ ၂၄ ရက်မှာပြောပါတယ်။ ကနေဒါနိုင်ငံက အမေရိကန်မှာရှိတဲ့ အိမ်ခြေနဲ့စီးပွားရေးလုပ်ငန်းပေါင်း ၁ သန်းခွဲကိုလျှပ်စစ်မီးပေးနေတာဖြစ်ပါတယ်။ ထရမ့်ကသာ ဒီလိုမျိုးအခွန်တိုးမြှင့်ကောက်ခံလိုက်မယ်ဆိုရင် သူ့အနေနဲ့ ဘက်ထရီတွေကိုဆောင်ထားရမှာပါလို့လည်း ဒေါက်ဖို့ကဆိုပါတယ်။

အမေရိကန်နဲ့ကနေဒါတို့ရဲ့ ကုန်သွယ်ရေးဆွေးနွေးပွဲဟာ ပြီးခဲ့တဲ့သီတင်းပတ်မှာပင် ရလဒ်မထွက်ဘဲပျက်ပြားသွားတဲ့အတွက် အမေရိကန်က ကနေဒါသွင်းကုန်များအပေါ် အခွန် ၅၀ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံထားပါတယ်။ Ref: RT


# အနာဂတ်မှာ လူသားများက အင်္ဂါဂြိုဟ်ကို လွှမ်းမိုးလာမယ်လို့ ရုရှားပြော

မော်စကို၊ အာကာသ

အနာဂတ်ကာလမှာ လူသားများအနေနဲ့ အင်္ဂါဂြိုဟ်ကိုလွှမ်းမိုးလာမှာဖြစ်တယ်လို့ ရုရှားအာကာသကော်ပိုရေးရှင်းတစ်ခုဖြစ်တဲ့ Roscosmos မှညွှန်ကြားရေးမှူးချုပ် ဒီမီထရီဘာကာနော့က ပြောလိုက်ပါတယ်။ "လူသားတွေက ပထမဆုံးအနေနဲ့ လပေါ်မှာအခြေချမယ်။ ပြီးရင်တော့ အင်္ဂါဂြိုဟ်ပေါ်မှာအခြေချသွားမယ်ဆိုတာက ၁၀၀ ရာခိုင်နှုန်းပါပဲ" လို့ အင်တာဗျူးတစ်ခုမှာပြောလိုက်တာပါ။

အခုအချိန်မှာ ရုရှားနိုင်ငံအပြင် တခြားနိုင်ငံများက အဝေးကြည့်မှန်ပြောင်းများစွာကိုအသုံးပြုပြီး နက်ရှိုင်းတဲ့အာကာသကိုလေ့လာလျက်ရှိတဲ့အပြင် လူသားတွေအခြေချနေထိုင်နိုင်ဖို့အသုံးပြုနိုင်မယ့်ဂြိုဟ်တွေကိုရှာဖွေဖို့ ကြိုးစားနေကြတယ်လို့ သူကဆက်ပြောပါတယ်။

ဒါ့အပြင် ပြီးခဲ့တဲ့ဇူလိုင်လနှောင်းပိုင်းမှာ Baikonur Cosmodrome ကို NASA မှအုပ်ချုပ်ရေးမှူး ဂျဲရတ်အိုင်းဆက်မန်းလာရောက်စဉ်တုန်းကလည်း လပေါ်နဲ့ အင်္ဂါဂြိုဟ်ပေါ်ကို လူတွေစေလွှတ်နိုင်မယ့် အစီအစဉ်တွေနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့တယ်လို့ ဘာကာနော့ကပြောပါတယ်။ အရင်ဆုံးအနေနဲ့ အသက်ကူထောက်ပံ့ရေးနည်းပညာများကို လပေါ်မှာစမ်းသပ်သွားမှာဖြစ်ပြီး အဲဒီကမှတစ်ဆင့် လကိုအခြေစိုက်စခန်းအဖြစ်အသုံးပြုနိုင်အောင်လုပ်ဆောင်မှာဖြစ်ပါတယ်။ Ref: Sputnik



# ဘင်္ဂလားဒေ့ရှ်က တရုတ်နိုင်ငံမှ J-10CE တိုက်လေယာဉ်များဝယ်ယူရန် ဆွေးနွေးဖို့နီးစပ်

ဒါကာ၊ စစ်ရေး

ဘင်္ဂလားဒေ့ရှ်အစိုးရက တရုတ်နိုင်ငံမှ J-10CE တိုက်လေယာဉ်များနဲ့ တိုက်ခိုက်ရေးရဟတ်ယာဉ်များဝယ်ယူရန် တရားဝင်ဆွေးနွေးမှုတွေလုပ်ဆောင်ဖို့ နီးစပ်နေပြီဖြစ်တဲ့အပြင် အစိုးရဘက်ကသဘောတူညီချက်မူကြမ်းကိုပါ ရေးဆွဲနေပြီဖြစ်တယ်လို့ ဝန်ကြီးချုပ်ရုံးမှသတင်းပြန်ကြားရေးအကြံပေး ဇာဟတ်အာရာမန်က ဩဂုတ်လ ၂၅ ရက်မှာပြောပါတယ်။

အခုလိုမျိုးဝယ်ယူဖို့အတွက်စီစဉ်နေမှုဟာ နှစ်များစွာအတွင်း ဘင်္ဂလားဒေ့ရှ်ရဲ့ အကြီးဆုံးသောစစ်လက်နက်ပစ္စည်းဝယ်ယူမှုဖြစ်လာမှာဖြစ်ပြီး ဒီလိုဝယ်ယူမှုကနေမှတစ်ဆင့် တရုတ်နိုင်ငံနဲ့စစ်ဘက်ဆိုင်ရာဆက်ဆံရေးကလည်း ပိုမိုနက်ရှိုင်းလာမှာဖြစ်တယ်လို့ သူကဆိုပါတယ်။

ဒီနှစ်မေလအတွင်းဖြစ်ပွားတဲ့ အိန္ဒိယနဲ့ပါကစ္စတန်တို့ကြားပဋိပက္ခမှာ ပါကစ္စတန်ဘက်က J-10CE တိုက်လေယာဉ်တွေကို အသုံးပြုခဲ့တယ်လို့ထုတ်ပြန်ခဲ့ပြီးနောက် အဲဒီလေယာဉ်တွေဟာ နိုင်ငံတကာဈေးကွက်မှာ လူကြိုက်များလာတာပါ။

လက်ရှိမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ သူတို့ရဲ့အဆင့်မြှင့်တင်မှုတွေလုပ်သွားမှာဖြစ်ပြီး J-10CE တိုက်လေယာဉ် ၂၄ စင်းအထိဝယ်ယူသွားနိုင်ခြေရှိတယ်လို့ ပြည်တွင်းသတင်းဌာနများကဖော်ပြထားတာတွေ့ရပါတယ်။

Ref: ST

# အမေရိကန်လေယာဉ်တင်သင်္ဘော USS Abraham Lincoln ထိုင်းမှာဆိုက်ကပ်မယ်

ဘန်ကောက်၊ စစ်ရေး

အမေရိကန်ရေတပ်မှလေယာဉ်တင်သင်္ဘောဖြစ်တဲ့ USS Abraham Lincoln က လာမယ့်သီတင်းပတ်ကျရင် ထိုင်းနိုင်ငံမှာဆိုက်ကပ်မှာဖြစ်တယ်လို့ ထိုင်းတာဝန်ရှိသူများက ဩဂုတ်လ ၂၅ ရက်မှာပြောပါတယ်။

USS Abraham Lincoln ဟာ အရှေ့အလယ်ပိုင်းဒေသမှာ စစ်ဆင်ရေးဝင်နေတာဖြစ်ပြီး ရက်ပေါင်းများစွာကြာစစ်ဆင်ရေးဝင်ရတဲ့အတွက် စစ်သည်တွေအနေနဲ့ စိတ်ပိုင်းဆိုင်ရာ စိုးရိမ်ရတဲ့အခြေအနေတွေကိုရင်ဆိုင်နေကြရတာဖြစ်ပါတယ်။ ဒီသင်္ဘောဟာ ဘယ်ဆိပ်ကမ်းကိုမှ ဆိုက်ကပ်ရပ်နားခြင်းမရှိဘဲ ပင်လယ်ပြင်မှာရက်ပေါင်း ၂၀၀ ကျော်ကြာဆက်တိုက် စံချိန်တင်စစ်ဆင်ရေးတာဝန်ထမ်းဆောင်ခဲ့တာပါ။



အခုတော့ အရှေ့အလယ်ပိုင်းမှ ပြန်လည်ထွက်ခွာလာနေပြီဖြစ်တဲ့ USS Abraham Lincoln ဟာ ထိုင်းနိုင်ငံအရှေ့တိုင်းမှာဆိုက်ကပ်ရပ်နားပြီး စစ်သည်များအနားယူကာ အပန်းဖြေနိုင်စေရေးကိုသာဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ ဘယ်လိုစစ်ရေးလေ့ကျင့်မှုမှ လုပ်ဆောင်မှာမဟုတ်ကြောင်း ထိုင်းရေတပ်မှပြောရေးဆိုခွင့်ရှိသူကပြောထားပါတယ်။

အရှေ့တောင်အာရှ ကုန်းတွင်းပိုင်းဒေသမှာဆိုရင် အမေရိကန်နိုင်ငံအတွက် စာချုပ်ချုပ်ထားတဲ့ တစ်ခုတည်းသောမိတ်ဖက်နိုင်ငံက ထိုင်းနိုင်ငံဖြစ်ပြီး သူတို့နှစ်နိုင်ငံကြားမှာလည်း စစ်ရေးအရဆက်ဆံရေးက ခိုင်မာနေတာတွေ့ရပါတယ်။ Ref: ST

# စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲအပြီး အမျိုးသမီးတင်းနစ်ကမ္ဘာ့အဆင့်သတ်မှတ်ချက် ထွက်ပေါ်လာ

ဝါရှင်တန် ဩဂုတ် ၂၅

စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲအပြီး အမျိုးသမီးတင်းနစ် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အပြောင်းအလဲများရှိခဲ့သော်လည်း ဆာဘာလင်ကာအနေဖြင့် ကမ္ဘာ့အဆင့်(၁)နေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆာဘာလင်ကာအနေဖြင့် ကွာတားဖိုင်နယ်အဆင့်မှထွက်ခွာခဲ့ရပြီး အဆင့်(၂)နေရာမှ ရိုင်ဘာနီကာအနေဖြင့် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ပြီးနောက် အဆင့်(၁)နေရာ အပြောင်းအလဲဖြစ်ရန် နီးစပ်ခဲ့သော်လည်း ရိုင်ဘာနီကာအနေဖြင့်လည်း ဆီမီးဖိုင်နယ်အဆင့်မှပင် ထွက်ခွာရသည်။ လက်ရှိတွင် ဆာဘာလင်ကာက ရမှတ် ၈၅၇၅ မှတ်ဖြင့် အဆင့်(၁)နေရာ၌ ဆက်လက်ရပ်တည်လျက်ရှိသည်။

နောက်ဆုံးကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ကမ္ဘာ့အဆင့်(၁)နေရာမှ အဆင့် (၄)နေရာအတွင်း အပြောင်းအလဲမရှိခဲ့ဘဲ ရိုင်ဘာနီကာက ရမှတ် ၈၁၄၁ မှတ်ဖြင့် အဆင့်(၂)၊ ဂျေစီကာပီဂူလာက ရမှတ် ၇၂၆၅ မှတ်ဖြင့် အဆင့်(၃)၊ စင်စင်နတီအိုးပင်းဖလား ဆွတ်ခူးနိုင်ခဲ့သည့် ကိုကိုဂတ်ဖ်က ၆၇၀၄ မှတ်ဖြင့် အဆင့်(၄)၊ မာယာအန်ဒရီဗာက ၅၄၄၃ မှတ်ဖြင့် အဆင့်(၅)၊ လင်နာနော့စ်ကိုဗာက ၅၀၂၈ မှတ်ဖြင့် အဆင့်(၆)၊ ကာရိုလီနာမူချိုဗာက ၄၉၈၃ မှတ်ဖြင့် အဆင့်(၇)၊ အစောပိုင်းက အဆင့် (၅)နေရာ၌ ရပ်တည်နိုင်ခဲ့သည် ဆဝီယာတက်ခ်အနေဖြင့် ၄၈၀၉ မှတ်ဖြင့် အဆင့်(၈)နေရာ အထိကျဆင်းခဲ့ပြီး ဆာဗီတိုလီနာက ၄၆၈၉ မှတ်ဖြင့် အဆင့်(၉)နှင့် အနီစီမိုဗာက ၄၅၃၃ မှတ်ဖြင့် အဆင့်(၁၀)နေရာ၌ အသီးသီးရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

***Ref;Sportskeeda Tennis***



# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသစ်ရွေးချယ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ဥရောပဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌစီဖာရန် အတည်ပြု

နီယွန် ဩဂုတ် ၂၅

ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) ဥက္ကဋ္ဌ စီဖာရန်က လာမည့်ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌသစ်ရွေးချယ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း အတည်ပြုခဲ့သည်။

လက်ရှိကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌ အင်ဖန်တီနိုအနေဖြင့် အစောပိုင်းက လာမည့်ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌသက်တမ်းအတွက် ရေပန်းစားခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှယ်ယာများသတ်မှတ်ကာ ရင်းနှီးမြှုပ်နှံသူများထံ ရောင်းချမည့် အစီအစဉ်ကို ထုတ်ပြန်ကြေညာပြီးနောက် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသူဖြစ်သည်။

အင်ဖန်တီနိုအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှယ်ယာသတ်မှတ်ရောင်းချမည့် အစီအစဉ်ကြောင့် ဥရောပဘောလုံးအဖွဲ့ချုပ်က စတင်ပြီး ဘောလုံးအဖွဲ့ချုပ်အများစုက ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပြီး ရာထူးမှ နုတ်ထွက်ရန်ပင် တောင်းဆိုခံရပြီးနောက် အဆိုပါအစီအစဉ်ကို ပြန်လည်ဖျက်သိမ်းကြောင်း ကြေညာခဲ့သည်။

အင်ဖန်တီနို၏ ကမ္ဘာ့ဖလားပြိုင်ပွဲရှယ်ယာသတ်မှတ်ရောင်းချမည့်အစီအစဉ်ကို စီဖာရန်ကိုယ်တိုင်က ပြင်းပြင်းထန်ထန်ကန့်ကွက်သကဲ့သို့ ဥရောပဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင် ဘောလုံးအဖွဲ့ချုပ်များကိုလည်း ကန့်ကွက်မှုများလုပ်ဆောင်ရန် တိုက်တွန်းခဲ့ပြီး ဥရောပဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင် ဘောလုံးအဖွဲ့ချုပ်အများစုကလည်း အင်ဖန်တီနိုကို ထောက်ခံမှုလုပ်ဆောင်တော့မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့ကြသည်။

လာမည့်ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌသစ်ရွေးချယ်ပွဲကို လာမည့် ၂၀၂၇ ခုနှစ် မတ်လတွင် ကျင်းပမည်ဖြစ်ပြီး အစောပိုင်းက လက်ရှိဥရောပဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ စီဖာရန်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ စီဖာရန်ကိုယ်တိုင်က ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် စီဖာရင်ကိုယ်တိုင်က ဖီဖာဥက္ကဋ္ဌသစ်ရွေးချယ်ပွဲဝင်ရောက်မည်မဟုတ်ဟု အတည်ပြုခဲ့ပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် အင်ဖန်တီနိုကပင် ဆက်လက်တာဝန်ယူဖွယ်ရှိကြောင်း သိရသည်။

***Ref:Sky News***

# ၂၀၂၆ ခုနှစ်အတွင်း ကမ္ဘာ့အားကစားလောက၌ ဝင်ငွေအကောင်းဆုံး ကစားသမားစာရင်းတွင် စီရော်နယ်ဒို ထိပ်ဆုံး၌ရပ်တည်



ရီယက် ဩဂုတ် ၂၅

၂၀၂၆ ခုနှစ်အတွင်း ကမ္ဘာ့အားကစားလောက၌ ဝင်ငွေအကောင်းဆုံးကစားသမားစာရင်းတွင် အယ်နာဆာအသင်း ဝါရင့်တိုက်စစ်ကစားသမား စီရော်နယ်ဒိုက ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့သည်။

စီရော်နယ်ဒိုသည် ၂၀၂၂ ခုနှစ်က မန်ယူအသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် အယ်နာဆာအသင်းထံ မြင့်မားသည့်လုပ်ခလစာဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး အယ်နာဆာအသင်းတွင် တစ်နှစ်လုပ်ခလစာ အမေရိကန်ဒေါ်လာ ၂၃၅ သန်းအထိ ရရှိပြီးနောက် ၂၀၂၆ ခုနှစ်အတွင်း ဝင်ငွေအများဆုံးအားကစားသမားစာရင်းတွင်လည်း ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စီရော်နယ်ဒိုသည် ကွင်းတွင်းဝင်ငွေများအပြင် ကွင်းပြင်ပဝင်ငွေများအဖြစ် ကြော်ငြာရိုက်ကူးရေးဝင်ငွေ၊ စပွန်ဆာဝင်ငွေများနှင့် ၎င်း၏တခြားစီးပွားရေးလုပ်ငန်းများမှ ဝင်ငွေ စုစုပေါင်းအမေရိကန်ဒေါ်လာ ၆၅ သန်းအထိရရှိမည်ဖြစ်သည့်အတွက် စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၃၀၀ အထိ ဝင်ငွေရှိနေသည့်အတွက် ၂၀၂၆ ခုနှစ်အတွင်း အားကစားလောကတွင် ဝင်ငွေအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ်အတွင်း ကမ္ဘာ့အားကစားလောကတွင် ဝင်ငွေအကောင်းဆုံး အားကစားသမားစာရင်းတွင် စီရော်နယ်ဒို၏နောက်တွင် မက္ကဆီကို လက်ဝှေ့ကစားသမား ကန်နယ်လိုအယ်ဗာရက်ဇ်က အမေရိကန်ဒေါ်လာသန်း ၁၇၀ဖြင့် အဆင့်(၂)၊ အင်တာမိုင်ယာမီအသင်းမှ မက်ဆီက ဒေါ်လာ သန်း ၁၄၀ဖြင့် အဆင့်(၃)၊ အမေရိကန်ဘတ်စကက်ဘောကစားသမား လီဘရွန်ဂျိမ်းစ်က ဒေါ်လာ ၁၃၇ ဒသမ ၈သန်းဖြင့် အဆင့်(၄)၊ ဂျပန်ဘတ်စကက်ဘောကစားသမား ရှိုဟီအိုတာနီက ၁၂၇ ဒသမ ၆သန်းဖြင့် အဆင့်(၅)၊ အမေရိကန်ဘတ်စကက်ဘောကစားသမား စတီဖင်ကာရီက ၁၂၄ ဒသမ ၇ သန်းဖြင့် အဆင့်(၆)၊ စပိန်ဂေါက်သီးကစားသမားဂျွန်ရမ်းက ဒေါ်လာ ၁၀၇ သန်းဖြင့် အဆင့်(၇)၊ အယ်အီတီဟက်အသင်းမှ ဘင်ဇီးမားက ဒေါ်လာ ၁၀၄ သန်းဖြင့် အဆင့်(၈)၊ အမေရိကန်ဘတ်စကက်ဘောကစားသမား ကီဗင်ဒါရန့်က ၁၀၃ ဒသမ ၈ သန်းဖြင့် အဆင့်(၉)နှင့် ဗြိတိန်ပြိုင်ကားမောင်းကစားသမား ဟာလ်မီတန်က သန်း ၁၀၀ ဖြင့် အဆင့် (၁၀) နေရာ၌ အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

***Ref:Forbes***

# ဝူဟန်အိုးပင်းစနူကာပြိုင်ပွဲတွင် ထိပ်တန်းကစားသမားအများစု တတိယအဆင့်တွင် နိုင်ပွဲများရရှိ

ဝူဟန် ဩဂုတ် ၂၅

တရုတ်နိုင်ငံ ဝူဟန်မြို့၌ ကျင်းပလျက်ရှိသည့် ဝူဟန်အိုးပင်းစနူကာပြိုင်ပွဲ တတိယအဆင့်တွင် ထိပ်တန်းကစားသမားအများစု ပြိုင်ဘက်ကစားသမားများကို အနိုင်ရရှိခဲ့ကြသည်။

ဝူဟန်အိုးပင်းစနူကာပြိုင်ပွဲတွင် ပြီးခဲ့သည့် တရုတ်အိုးပင်းစနူကာပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ဆဲလ်ဘိုင်သည် တရုတ်ကစားသမား ဖန်ဂျီနှင့် ကစားခဲ့ရာ(၅-၂)ရလဒ်ဖြင့် အနိုင်ရရှိခဲ့သကဲ့သို့ ကမ္ဘာ့အဆင့်(၁) နေရာမှ ရွှန်းနီဆူလီဗန်ကလည်း အက်ရှ်လေကာတီကို (၅-၂)ရလဒ်ဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ကာ အိမ်ရှင်တရုတ်ကစားသမားအများစု ရှုံးပွဲတွေ့ကြုံခဲ့ကြပြီး တတိယအဆင့်မှပင် ထွက်ခွာခဲ့ရသည်။

အလားတူ ဝူဟန်အိုးပင်းစနူကာပြိုင်ပွဲတွင် တခြားထိပ်တန်းကစားသမားများဖြစ်ကြသည့် ဂျူ့ထရမ့်က ယန်စီဂျန်ကိုလည်းကောင်း၊ ဒေဗီးလ်က ဂေရီဝီလ်ဆင်ကိုလည်းကောင်း၊ ဂူယိုဒန်းက ဂျက်ဆင်ပေ့ချ်ကိုလည်းကောင်း၊ မက်ဝီလီယံက ဒေးဗစ်ဂီဘတ်ကိုလည်းကောင်း၊ မူဖေးလ်က ဘာဒန်ကိုလည်းကောင်း၊ ဂျီအူဟူက ဂျင်ဂျန်းကိုလည်းကောင်း၊ ဘယ်ရီဟော့ကင်က ချန်ကွင်ကိုလည်းကောင်း၊ ဇန်တန်က ဂျီအိုယန်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိပြီး နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

***Ref:Cue Nation***

## SHWE PYI HTOO SAN COMPANY LIMITED
### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၁။ "SHWE PYI HTOO SAN COMPANY LIMITED" အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၅-၈-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏အထူးအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုအစည်းအဝေးမှပင် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ[B.Com(AA), C.P.A (210)]လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Liquidator)အဖြစ်ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံသို့ပေးရန်နှင့်ရရန်ရှိသည်များကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဇင်ဝေ[C.P.A(210)]ထံသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

## "HEPTA ENTERTAINMENT COMPANY LIMITED
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာချက်"

၁။ HEPTA ENTERTAINMENT COMPANY LIMITED ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၅-၈-၂၀၂၆)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင်(နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇)အားခန့်ထားရန်ဆုံးဖြတ်ကြပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂၄-၉-၂၀၂၆)နေ့နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဝေမင်းမောင်** | **ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)** |
| **(အုပ်ချုပ်မှုဒါရိုက်တာ)** | **အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ Sea Green Tower၊** |
| **HEPTA ENTERTAINMENT** | **မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊** |
| **COMPANY LIMITED** | **ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။** |

## "MANN NILAR KHAING COMPANY LIMITED
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာချက်"

၁။ MANN NILAR KHAING COMPANY LIMITED ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၅-၈-၂၀၂၆)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင်(နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇)အားခန့်ထားရန်ဆုံးဖြတ်ကြပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂၄-၉-၂၀၂၆)နေ့နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဝေမင်းမောင်** | **ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)** |
| **(အုပ်ချုပ်မှုဒါရိုက်တာ)** | **အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ Sea Green Tower၊** |
| **MANN NILAR KHAING** | **မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊** |
| **COMPANY LIMITED** | **ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။** |

### ပျောက်ဆုံးကြောင်း
စွမ်းထက်အောင်(ဘ)ဦးအောင်လွင်၉/လဝန(နိုင်)၂၉၃၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၅၀၄၇၆၈၉

### ပျောက်ဆုံးကြောင်း
ကျော်ငြိမ်းချမ်းလင်း(ဘ)ဦးမျိုးနိုင် ၁၂/တတန(နိုင်)၂၇၅၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 862802)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၇၃၄၈၃၂၇

### ပျောက်ဆုံးကြောင်း
မစုမွန်(ဘ)ဦးမြဝင်း ၇/ပခန(နိုင်)၅၄၆၆၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ဖခင်အမည်မှန်
အထက(၅)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ နော်ဖောအိုဂေ၏ ဖခင် စောထောစမယ်၏အမည်မှန်မှာ စောထောမစယ် ၁၄/ပသန(နိုင်)၁၈၈၇၁၃ ဖြစ်ပါကြောင်း။
**စောထောမစယ်**

### အမည်ပြောင်း
အထက(၉)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-3 မှ ဦးချစ်ကို ၁၄/ကကထ(နိုင်)၂၄၁၁၈၅ ၏သမီး မသင်းယမုံချစ်အား မသင်းယမုံချစ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မသင်းယမုံချစ်**

### အမည်မှန်
ထ(ခွဲ)လ(၂)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-9 မှ ဦးလေးလွင်မြင့် ၁၄/သပန(နိုင်)၀၉၉၅၃၁ ၏သမီး မရွှေဝတ်ရည်၏အမည်မှန်မှာ မရွှေဝတ်ရည်ဖြစ်ပါကြောင်း။
**မရွှေဝတ်ရည်**

### ပျောက်ဆုံးကြောင်း
မေသူသူမြင့်(ဘ)ဦးမြင့်ဌေး ၁၂/မဂဒ(နိုင်)၁၁၀၂၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၈၁၆၄၀၂၅

### ပျောက်ဆုံးကြောင်း
တိုးတိုးနွယ်(ဘ)ဦးအောင်မြသင်း ၅/ကလထ(နိုင်)၂၄၂၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၉၈၄၇၄၈၉

### ပျောက်ဆုံးကြောင်း
သန့်ဇင်အောင်(ဘ)ဦးစိုးဝင်း ၃/ဘအန(နိုင်)၄၅၅၆၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 032253)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ဖခင်အမည်မှန်
အထက(၈)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-11 မှ မောင်အောင်လင်းလတ်၏ဖခင် ဦးနိုင်ဝင်း၏အမည်မှန်မှာ ဦးကိုကိုနိုင် ၁၄/ပသန(နိုင်)၂၃၆၆၉၄ ဖြစ်ပါကြောင်း။
**ဦးကိုကိုနိုင်**

### ပျောက်ဆုံးကြောင်း
ချောက်မြို့နယ်၊ ကြံ့ကန်ရွာနေ အောင်ကိုမင်း(ဘ)ဦးမြင့်ရွှေ ၈/ခမန(နိုင်)၂၁၆၆၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပညာဘဏ်တိုက်စာကြည့်တိုက်

## GROUP FOUR TRANSPORT COMPANY LIMITED
### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၁။ "GROUP FOUR TRANSPORT COMPANY LIMITED" အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၄-၈-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏အထူးအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုအစည်းအဝေးမှပင် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ[B.Com(AA), C.P.A (210)]လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Liquidator)အဖြစ်ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံသို့ပေးရန်နှင့်ရရန်ရှိသည်များကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဇင်ဝေ[C.P.A(210)]ထံသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

## "ဘုန်းပြည့်ဖြိုးမောက် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာချက်"

၁။ ဘုန်းပြည့်ဖြိုးမောက်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၅-၈-၂၀၂၆)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင်(နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇)အားခန့်ထားရန်ဆုံးဖြတ်ကြပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂၄-၉-၂၀၂၆)နေ့နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးကျော်မင်းထွန်း** | **ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)** |
| **(အုပ်ချုပ်မှုဒါရိုက်တာ)** | **အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ Sea Green Tower၊** |
| **ဘုန်းပြည့်ဖြိုးမောက်** | **မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊** |
| **သတ္တုတူးဖော်ရေး** | **ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ကုမ္ပဏီလီမိတက်** | |

## "KING 7 DYNASTY PRODUCTION COMPANY LIMITED
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာချက်"

၁။ KING 7 DYNASTY PRODUCTION COMPANY LIMITED ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၅-၈-၂၀၂၆)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင်(နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇)အားခန့်ထားရန်ဆုံးဖြတ်ကြပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂၄-၉-၂၀၂၆)နေ့ နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဝေမင်းမောင်** | **ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)** |
| **(အုပ်ချုပ်မှုဒါရိုက်တာ)** | **အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ Sea Green Tower၊** |
| **KING 7 DYNASTY** | **မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊** |
| **PRODUCTION** | **ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။** |
| **COMPANY LIMITED** | |

### ပျောက်ဆုံးကြောင်း
ဝင်းမိုးကျော်(ဘ)ဦးဘိုခင် ၅/ပလန(နိုင်)၁၅၂၀၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၇၃၁၀၇၄

### ပျောက်ဆုံးကြောင်း
အေးအေးသွယ်(ဘ)ဦးဇော်ဝမ်း ၁၂/မရက(နိုင်)၁၈၅၄၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
ခင်ဌေးမိုး(ဘ)ဦးညွန့် ၉/ကပတ(နိုင်)၁၉၈၅၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 941671)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၂၈၃၇၇၀၄

### ပျောက်ဆုံးကြောင်း
ကျိုက်ထိုမြို့နယ်နေ မစုနှင်းဝေ(ဘ)ဦးမြစိန် ၁၀/ကထန(နိုင်)၂၀၁၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဦးဉာဏ်လင်းစိုး ၁၂/ဒဂရ(နိုင်)၀၁၇၀၀၄ သင်္ဘောသားမှတ်ပုံတင်အမှတ်(103390) ကိုင်ဆောင်သော (RESULT SHEET)စာရွက် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၂၈၁၆၀၅

### ပျောက်ဆုံးကြောင်း
မျိုးငြိမ်း(ဘ)ဦးငြိမ်းအေး ၁၄/သပန(နိုင်)၁၄၇၇၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၈၂၈၇၁၄၂

### ပျောက်ဆုံးကြောင်း
ညိုညိုဝင်း(ဘ)ဦးတင်ဦး ၁၄/ပတန(နိုင်)၂၇၄၂၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 972625)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ဖခင်အမည်မှန်
အထက(၈)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-6 မှ မဆံနွယ်ဦး၏ဖခင် ဦးမျိုးမင်းဇော်၏အမည်မှန်မှာ ဦးမျိုးမင်းလတ် ၁၄/ဆသန(နိုင်)၀၀၇၃၉၃ ဖြစ်ပါကြောင်း။
**ဦးမျိုးမင်းလတ်**

### ပျောက်ဆုံးကြောင်း
ဟိုပုံးမြို့နယ်၊ ဟေ့ပေါးရွာနေ နန်းငင်း(ဘ)မြားဆံကျော် ၁၃/ဟပန(နိုင်)၁၀၀၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ရင်ကျေးရွာနေ မောင်ကျော်စွာလွင်(ဘ)ဦးဝင်းကျော် ၆/သရခ(နိုင်)၀၉၃၇၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 757513)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၈၂၃၀၁၇

## "MYANMAR MEDIA SEVEN COMPANY LIMITED
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာချက်"

၁။ MYANMAR MEDIA SEVEN COMPANY LIMITED ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၅-၈-၂၀၂၆)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင်(နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇)အားခန့်ထားရန်ဆုံးဖြတ်ကြပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂၄-၉-၂၀၂၆)နေ့နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဝေမင်းမောင်** | **ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)** |
| **(အုပ်ချုပ်မှုဒါရိုက်တာ)** | **အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ Sea Green Tower၊** |
| **MYANMAR MEDIA SEVEN** | **မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊** |
| **COMPANY LIMITED** | **ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။** |

## "V 7 ENTERTAINMENT COMPANY LIMITED
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာချက်"

၁။ V 7 ENTERTAINMENT COMPANY LIMITED ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၅-၈-၂၀၂၆)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင်(နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇)အားခန့်ထားရန်ဆုံးဖြတ်ကြပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂၄-၉-၂၀၂၆)နေ့နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဝေမင်းမောင်** | **ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)** |
| **(အုပ်ချုပ်မှုဒါရိုက်တာ)** | **အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ Sea Green Tower၊** |
| **V 7 ENTERTAINMENT** | **မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊** |
| **COMPANY LIMITED** | **ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။** |

## "NATIONAL SUPERIOR COMPANY LIMITED
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာချက်"

၁။ NATIONAL SUPERIOR COMPANY LIMITED ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၅-၈-၂၀၂၆)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးကအထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင်(နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇)အားခန့်ထားရန်ဆုံးဖြတ်ကြပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂၄-၉-၂၀၂၆)နေ့နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဝေမင်းမောင်** | **ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)** |
| **(အုပ်ချုပ်မှုဒါရိုက်တာ)** | **အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ Sea Green Tower၊** |
| **NATIONAL SUPERIOR** | **မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊** |
| **COMPANY LIMITED** | **ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။** |

### ပျောက်ဆုံးကြောင်း
ပိုင်သော်စိုး(ဘ)ဦးကျော်စိုး ၉/မထလ(နိုင်)၂၈၉၉၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၀၃၄၃၄၄

### ပျောက်ဆုံးကြောင်း
နွေမိုးဦး(ဘ)ဦးချစ်ဦး ၃/ဘအန(နိုင်)၄၅၂၄၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 912554)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ဖခင်အမည်မှန်
အထက(၈)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-6 မှ မသွန်းအိရွှေစင်၏ဖခင် ဦးအောင်ဖြိုးကျော်၏အမည်မှန်မှာ ဦးအောင်ဖြိုးမော်၁၄/ပသန(နိုင်)၂၂၄၅၃ ဖြစ်ပါကြောင်း။
**ဦးအောင်ဖြိုးမော်**

### အမည်ပြောင်း
ပဲခူးမြို့၊ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 မှ အဘ ဦးအောင်ကိုဦး၏သား မောင်သွင်ဘုန်းသန့်အား မောင်ဉာဏ်လင်းထက်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဉာဏ်လင်းထက်**

### ပျောက်ဆုံးကြောင်း
မန်းခန့်နွမ်း(ဘ)ဦးသွန်ခန့်ဒါးလ် ၅/ကလထ(နိုင်)၃၂၆၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၇၃၄၈၃၂၇

### အမည်မှန်
ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ သံလှယ်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ Grade-1 မှ မိဝန်းဝသီကြယ်၏အမည်မှန်မှာ မိဝီဝီဦးဖြစ်ပါကြောင်း။
**မိဝီဝီဦး**

### ပျောက်ဆုံးကြောင်း
ဇော်ထက်အောင်(ဘ)ဦးဂျဟန်ဂိရ် ၁၂/ပဘတ(နိုင်)၀၂၈၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 463868)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၇၉၈၇၈

## ဦးမောင်မောင်လွင်
## အသက်(၆၅)နှစ်

(ဗိုလ်မှူး စိန်လွင်-ဒေါ်ရီရီရှိန်)တို့၏သား၊ မသိမ့်သိမ့်လွင်(ခ)မနှင်းဝေလွင်၊ ကိုစိုးဝေလွင်-မသင်းသင်းနိုင်၊ ကိုတိုးဝေလွင်တို့၏ဖခင်၊ မောင်လရောင်သစ်လွင်၏အဘိုး ဦးမောင်မောင်လွင်သည် ၂၁-၈-၂၀၂၆ ရက်(သောကြာနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အားမီးသင်္ဂြိုဟ်ပြီးဖြစ်ရာ ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသောသံဃာတော်အရှင်သူမြတ်တို့အား မွန်မြတ်လှသော ဆွမ်း၊ ခဲဖွယ်အစရှိသောလှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေလိုပါသောကြောင့် ၂၇-၈-၂၀၂၆ ရက်(ကြာသပတေးနေ့)တွင် အခန်း(၃၀၁)၊ တိုက်(၁၆)၊ မဟာဝန်အထက်လမ်း၊ ကမာကြည်အိမ်ရာ၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား **Myawady Webportal**(www.myawady.net.mm/cadets)နှင့် **Myanmar National Portal**(https://bit.ly/4hQEmg3)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၈ |

## မြန်မာနိုင်ငံတင်းနစ်အားကစားအဖွဲ့ချုပ်အလုပ်အမှုဆောင်
## အစည်းအဝေးကျင်းပမည်

တင်းနစ်အားကစားဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် မြန်မာနိုင်ငံတင်းနစ်အားကစားအဖွဲ့ချုပ်အလုပ်အမှုဆောင်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့တင်းနစ်အားကစားတိုးတက်အောင်မြင်ရေးအတွက် အားပေးလိုသူများ၊ ဝိုင်းဝန်းကူညီပံ့ပိုးလိုသူများ၊ တင်းနစ်အားကစားပညာရှင်များနှင့် ဝါသနာပါသူများဆက်သွယ်၍ အဖွဲ့ချုပ်သို့ အဆိုပြုလွှာပေးအပ်ပြီး လူကိုယ်တိုင်ကြွရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၆-၉-၂၀၂၆(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက်(၁၀:၀၀)နာရီ |
| ကျင်းပမည့်နေရာ | - | Indoor ကွင်း(၁၁)၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် |
| အဆိုပြုလွှာနောက်ဆုံးရက် | - | ၄-၉-၂၀၂၆ (သောကြာနေ့)မွန်းတည့်(၁၂:၀၀)နာရီ |
| ဆက်သွယ်ရန် | - | ၀၉-၉၇၂၇၂၁၉၀၁/ ၀၉-၆၆၆၆၉၃၂၉၆ |

**မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်**

**ဖခင်အမည်မှန်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်း(ပိုတက်)Grade-6 မှ ပညာသင်ကြားနေသော မဆုလဲ့ဝတီ၏ဖခင် ဦးကျော်မျိုးလွင်၏အမည်မှန်မှာ ဦးကျော်မျိုးသွင် ၉/တကန(နိုင်)၁၇၉၅၇၂ ဖြစ်ပါကြောင်း။ **ဦးကျော်မျိုးသွင်**

**အမည်ပြောင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သဇင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ ပညာသင်ကြားနေသော ဦးသန်းဇော်ဦး၏သား မောင်ဖြိုးမင်းထက်အား မောင်ဝေယံလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဝေယံလင်း**

**ပျောက်ဆုံးကြောင်း**

ကိုကိုမောင်(ဘ)ဦးဝင်းမောင် ၅/ရဘန(နိုင်)၂၁၆၆၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## လေလံကြော်ငြာ

၁။ AWPT, MIP & MITT ဆိပ်ကမ်းများရှိ ID မရှိ လိုင်စင်မရှိကုန်သေတ္တာ(၂၂)လုံးနှင့် Shut Out Cargo ကုန်သေတ္တာ(၁)လုံးအတွင်းရှိ ကုန်ပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ၁၀-၉-၂၀၂၆ ရက်နေ့ ၁၃:၀၀ နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံပုံစံနှင့် လေလံစည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ၂၇-၈-၂၀၂၆ ရက်နေ့မှ ၈-၉-၂၀၂၆ ရက်နေ့အထိ(ရုံးချိန်အတွင်း)ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်လာရောက်မေးမြန်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးကော်မတီ**

**အမည်မှန်**

ကျိုင်းတုံမြို့နယ်၊ အ.ထ.က(၁)ကျိုင်းတုံကျောင်း Grade-5(B)မှ အဘ ဦးအားပေါ၏သား မောင်စိုင်းနော်ဆိုင်းအောန်၏အမည်မှန်မှာ မောင်နော်ဆိုင်းအောန်ဖြစ်ပါကြောင်း။ **မောင်နော်ဆိုင်းအောန်**

**ဖခင်အမည်မှန်**

လယ်ဝေးမြို့၊ အ.ထ.က(ခွဲ)၊ ရေကာ Grade-8 မှ မအိရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးဝင်း ၉/လဝန(နိုင်)၃၃၈၈၄၄ ဖြစ်ပါကြောင်း။ **ဦးဝင်း**

**ပျောက်ဆုံးကြောင်း**

အောင်ခန့်ဇော်(ဘ)ဦးသန်းထိုက် ၉/ခအဇ(နိုင်)၀၂၇၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 902231)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၀၄၈၁၀

**ပျောက်ဆုံးကြောင်း**

စုမြင့်မိုရ်(ဘ)ဦးစံကြည် ၁၂/ရကန(နိုင်)၀၇၈၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၉၁၆၅၃၀၄

**ပျောက်ဆုံးကြောင်း**

စောင်ယူးဟိုက်(ဘ)ဦးလီကျားဝန်(ခ)လီကျားပေါ် ၁၃/လရန(နိုင်)၁၆၆၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ခင်မောင်ဝင်း(ဘ)ဦးမာမွတ် ၁၂/တမန(နိုင်)၀၅၇၄၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၇၂၇၇၀

**ပျောက်ဆုံးကြောင်း**

ဌေးအောင်(ဘ)ဦးမောင်လတ် ၈/အလန(နိုင်)၁၆၉၆၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ခင်လေးမြင့်(ဘ)ဦးဂိုရာ ၁၂/ရကန(နိုင်)၀၆၇၅၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

မေသူထွန်း(ဘ)ဦးအောင်သောင်း ၉/မခန(နိုင်)၂၇၇၄၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 055280)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ဖခင်အမည်မှန်**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပုသိမ်မြို့နယ် အ.ထ.က(ကြက်ပေါင်) Grade-11 မှ ကျောင်းဝင်အမှတ်(၀၄၅၄) မောင်မြတ်ဟိန်းသူ၏ ဖခင်အမည်မှန်မှာ ဦးအောင်သူ ၁၄/ပသန(နိုင်)၂၂၁၅၄၅ ဖြစ်ပါကြောင်း။ **ဦးအောင်သူ**

**ဖခင်အမည်မှန်**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပုသိမ်မြို့နယ် အ.ထ.က(ကြက်ပေါင်) Grade-11 မှ ကျောင်းဝင်အမှတ်(၀၉၉၄) မဝိုင်းချယ်ရီထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းရွှေ၁၄/ပသန(နိုင်)၂၄၁၉၈၆ ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းရွှေ**

**ပျောက်ဆုံးကြောင်း**

ဝေဝေခိုင်(ဘ)ဦးကြည်ဝင်း ၇/လပတ(နိုင်)၁၈၀၃၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၃၅၃၀၀၇၉

**ပျောက်ဆုံးကြောင်း**

နန်းခမ်းအွမ်(ဘ)စိုင်းဆံတစ် ၁၃/ဆဆန(နိုင်)၁၀၀၈၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၀၃၆၉၃၇

**ပျောက်ဆုံးကြောင်း**

ဦးထွန်းထွန်း(ဘ)ရှုံးရှောက်ထွာ ၁၃/ဆဆန(နိုင်)၀၂၈၅၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

နေမျိုးထွန်း(ဘ)ဦးမွှားလေး ၈/နမန(နိုင်)၁၃၄၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

တင်ကိုဝင်း(ဘ)ဦးမြင့်ဆွေ ၈/တတက(နိုင်)၂၄၂၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ခင်ဇော်(ဘ)ဦးတင်ညွန့် ၁၂/ဒလန(နိုင်)၀၂၃၆၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၄၂၇၆၈၀၃


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
ရေမွှားဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချောအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
Fresh LEMON
ALTA FRESH
AIBA
Prize Jury 2016
EUROPEAN BEER STAR
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၅

၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းဆည် အနီး၌ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး ပေးသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ➔

# ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား / အမျိုးသမီး) ပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း ပြိုင်ပွဲကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိအားကစားရုံ (A)၌ ဩဂုတ်လ ၂၄ ရက်မှ စက်တင်ဘာလ ၂ ရက်အထိ ၁၀ ရက်ကြာ ကျင်းပလျက်ရှိရာ ယနေ့တွင် (အမျိုးသား/ အမျိုးသမီး) နှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များကိုယှဉ်ပြိုင်ကစားခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ❍





# MFF Charity Shield 2026 ရန်ပုံငွေကွင်းဖွင့်ဖလားပွဲတွင် ရှမ်းယူနိုက်တက်အသင်း ချန်ပီယံဆုဆွတ်ခူး

ရန်ကုန် ဩဂုတ် ၂၅

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ၏ပထမဆုံးပြိုင်ပွဲဖြစ်သည့် MFF Charity Shield 2026 ရန်ပုံငွေကွင်းဖွင့်ဖလားပွဲကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယမန်နှစ် မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် MNL League Cup ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး ရှမ်းယူနိုက်တက် အသင်းက ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးရရှိသွားသည်။

စာမျက်နှာ ၂၃ ကော်လံ ၃ ⇨

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်း မြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ မှ ၁၁/၆ + ၃၀၀ နေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် ယနေ့နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

မြစ်ကမ်းပါးရေတိုက်စားမှုဖြစ်ပေါ်ခဲ့ သည့်နေရာသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အချိန်နှင့် တစ်ပြေးညီ သွားရောက်ကြည့်ရှုစစ်ဆေးပြီး

စာမျက်နှာ ၂၂ ကော်လံ ၁ ➠



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)၌ တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

## ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၆)အစုန် မန္တလေး-ရန်ကုန် DEMU ရထားအား ခဲဖြင့်ပေါက်သူကိုဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ

စာ - ၂၅ သို့

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းဘေးအန္တရာယ်များဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နာရာ" (NARRA)မှ

စာမျက်နှာ ၁၅ ကော်လံ ၁ ▲